

နုနုးဝဝဂ်
Scarecrow

စာရေးသူ နန်းထက်

ဝတ္ထုအမည် "Scarecrow"

အခန်း(၁)

"ရှူး ... ရှူး ... ဝှီး ... ဝှီး..."

တောင်တန်းများ ဝန်းရံထားသော မြေပြန့်ဒေသတစ်ခုတွင် လေပြင်းများ တိုက်ခတ်ကာ သဲမြေမှုန့်များလည်း မုန်တိုင်းထန်သကဲ့သို့ လွှမ်းမိုးနေ၏။ မြေပြန့်ဒေသသည် သဲကန္တာရဟု ထင်ရလောက်အောင် လူခြေအိမ်များ၊ သစ်ပင်များ ရှိမနေပေ။ မြေပြင်တွင် အနည်းငယ်သာ ပေါက်နေသော မြက်ပင်ရိုင်းများကလည်း နွမ်းခြောက်နေ၏။ မြေပြင်က ညီညာမှုမရှိ၊ အဖုအထစ်များရှိနေကာ ကွဲအက်ရာများ ဖြစ်နေ၏။

မိသားစုလေးယောက်စီးနေသော ကားသည် အမှောင်ထုနှင့်သဲမြေမှုန့်များ လွှမ်းမိုးနေသော မြေပြန့်ဒေသ၏ကွင်းပြင်ကျယ်တွင် တစ်စီးတည်း ရွေ့လျားနေ၏။

ထိုမိသားစုသည် မြို့ပြတွင် နေထိုင်ရသည်မှာ ငြီးငွေ့ကြပြီးဖြစ်၍ တောတောင်သဘာဝနှင့်နီးသော မြေပြန့်ဒေသတွင် သာမန်ဘဝမျိုးဖြင့် အပြီးနေထိုင်ရန် သည်နေရာကို ပြောင်းရွှေ့လာကြခြင်းဖြစ်သည်။

ကားမောင်းသူ ဦးဘောဂသည် သဲမြေမှုန့်များ လွှမ်းမိုးနေသော လမ်းကို ဂရုတစိုက် မောင်းသွားရသည်။

"ယောက်ျား၊ အိမ်ကို ရောက်တော့မှာလား၊ ဒီနေရာက ကွင်းပြင်ကြီးနော်၊

အိမ်တစ်လုံးမှလည်း မရှိဘူး၊ ရှင်ဝယ်လိုက်တဲ့အိမ်က ဒီနေရာမှ ဟုတ်ရဲ့လား၊ လမ်းမှားနေပြီလား မသိဘူး"

ဦးဘောဂ၏ဇနီးဖြစ်သူ ဒေါ်နွယ်စိုးသည် စကားကို စိတ်မရှည်စွာ ပြော၏။

"ဟုတ်မယ် ပါးပါး၊ လမ်းမှားနေပြီလား မသိဘူး"

အသက်(၁၆)နှစ်အရွယ် သမီးအကြီးဖြစ်သူ ဟန်နီသည် လက်ထဲက ဖုန်းကိုကြည့်နေလျက် ပြော၏။

"မိုးမိုး၊ သားအိပ်ငိုက်နေပြီ"

အသက်(၇)နှစ်အရွယ်သာ ရှိသေးသည့်သားအငယ်ဖြစ်သူ ဖြိုးသူသည် ဟန်နီ၏ပေါင်ပေါ်တွင် လှဲနေလျက် အိပ်ချင်မူးတူး ပြောလေ၏။

မောင်နှမနှစ်ယောက်သည် အဖေနှင့်အမေကို ပါးပါးနှင့်မိုးမိုးဟုသာ ခေါ်သည်။

"ရောက်တော့မှာပါကွာ၊ အိမ်မဝယ်ခင်ကတည်းက ဒီကို ခဏခဏလာဖူးပါတယ်၊ သဲမုန်တိုင်းဖြစ်နေလို့ လမ်းက ဘာမှမမြင်ရဘူး ဖြစ်နေတာ"

"ညဘက်ဆို ဒီနေရာက သဲမုန်တိုင်းဖြစ်တတ်တာ ရှင်သိရဲ့သားနဲ့၊ အဲဒါကြောင့် မနက်စောစော ထွက်လာပါလို့ ပြောသားပဲ"

"အေးပါကွာ၊ မင်းကလည်း စကားများလိုက်တာ၊ ဟိုမှာ တွေ့လား၊ မီးလင်းနေတာ၊ ရောက်ခါနီးပြီ"

သဲမြေမှုန့်ကြားထဲကနေ မီးလင်းနေသည့် အိမ်ကြီးတစ်လုံးကို ဝိုးတဝါးမြင်လာရ၏။ ဘေးပတ်ဝန်းကျင်တွင်တော့ အခြားသော အိမ်ခြေများမရှိဘဲ မည်းမှောင်နေ၏။

ဖြိုးသူက ထထိုင်လိုက်ပြီး ဟန်နီလည်း ဖုန်းကို ကျောပိုးအိတ်ထဲသို့ ထည့်သိမ်းလိုက်သည်။

"မမဟန်နီ၊ ဒီနေရာက ကြောက်စရာကြီးနော်"

"မကြောက်ပါနဲ့၊ မမရှိတယ် ဟုတ်ပြီလား၊ ဒီနေရာကို အင်တာနက်ကနေ ကြည့်ဖူးတယ်၊ မိုးလင်းရင် လှနေတာပဲတဲ့၊ ခုက နွေရာသီဖြစ်လို့ပါ၊ မိုးရာသီဆိုရင် ရှုခင်းကသိပ်လှတာ"

ဟန်နီသည် ပြောသာပြောရ၏။ သည်နေရာကို ယခင်က တစ်ခါမှမ ရောက်ဖူးပေ။ အင်တာနက်က ပုံလှလှလေးတွေကိုသာ မြင်ဖူး၏။ ယခု ရောက်တော့ ပုံတွေနှင့်တခြားစီ ဖြစ်နေသည်ဟု စိတ်ညစ်ညူးမိလေသည်။ သဲမြေမှုန့်များ လွှမ်းမိုးနေသော အပြင်ဘက်ကိုသာ ငေးမောကြည့်လိုက်ရင်း မနီးမဝေးတစ်နေရာကနေ လူကဲ့သို့အရိပ်တစ်ခုကို မထင်မရှား မြင်လိုက်ရသည်။ ခါးကိုနည်းနည်းမတ်ကာ အာရုံစိုက်ကြည့်လိုက်မှ ကုန်းမြင့်တစ်နေရာတွင် စိုက်ထူထားသော စာခြောက်ရုပ်တစ်ရုပ်ဖြစ်နေမှန်း သေချာ မြင်လိုက်ရသည်။

စာခြောက်ရုပ်က ကောက်ရိုးမျှင်များဖြင့် ပြုလုပ်ထားကာ ပေါက်ပြဲရာများ ရှိနေသော အဖြူရောင်ဂါဝန်ရှည်ကြီးကို ဝတ်ထား၏။ ဂါဝန်လက်က တစ်ဖက်တိုတစ်ဖက်ရှည် ဖြစ်နေသည့်အပြင် ခါးအရှည်က မြေပြင်ထိရှိ၏။ ခေါင်းတွင် ဝါးခမောက်၊ မျက်နှာကလည်း လူရွှင်တော်အရုပ်ကဲ့သို့ ပြုံးပြနေ၏။ မျက်လုံးက ကြယ်သီးအမည်းဖြင့် တပ်ဆင်ထားပြီး ပါးစပ်ပုံစံက လည်း အပ်ချည်ကြိုးဖြင့် လွှသွားပုံစံ ချုပ်ထား၏။

ဟန်နီသည် စာခြောက်ရုပ်ပုံစံကိုကြည့်ပြီး ပြုံးရယ်မိသွားသေးသည်။ မကြောက်တတ်ပေ။ လေးနှစ်သမီးအရွယ်ကတည်းက အရုပ်များကိုဆိုလျှင် ခြေပြတ်လက်ပြတ်၊ ပေါက်ပြဲရာများ လုပ်ပြီးမှ သဘောကျစွာ ဆော့တတ်သည်။ ညအိပ်ခါနီးဆိုလျှင် အဖေနှင့်အမေကိုလည်း ချောက်ချားစရာကောင်းသည့် ပုံပြင်များကိုသာ ပြောခိုင်းသည်။ ယခုချိန်ထိ ရုပ်ရှင်ဆိုလျှင်

လူသတ်သမားရုပ်ရှင်၊ သရဲရုပ်ရှင်များကို စိတ်ဝင်တစား ကြည့်ရတာ နှစ်သက်တုန်းပင်။ ဖြိုးသူကိုလည်း ရုပ်ရှင်ထဲလို အမြဲခြောက်ကာ စနောက်လေ့ရှိသည်။ ဖြိုးသူမှာ အကြောက်ကြီးလွန်း၍ ငိုရသည်မှာ အခါခါ။

ဟန်နီသည် စာခြောက်ရုပ်ဆီသို့ အချိန်ကြာကြီးထိ စိတ်နှစ်ထားလေ၏။

"မမဟန်နီ"

ဟန်နီသည် ဖြိုးသူခေါ်လိုက်မှ သတိပြန်ဝင်သွား၏။ ကားက အမြန် ရွေ့သွားနေသော်လည်း စာခြောက်ရုပ်၏မြင်ကွင်းက မပျောက်သွားဘဲ အတူတူ ရွေ့လာသလို ဖြစ်နေမှန်းကို သတိထားမိ၏။

"မောင်လေး၊ ဒီဘက်ကို လာကြည့်ကြည့်၊ ဟိုမှာ စာခြောက်ရုပ်ကြီး"

ဖြိုးသူသည် စာခြောက်ရုပ်ဆိုသည့်နာမည်ကို ကြားသည်နှင့် အလွန် ကြောက်ကာ ဟန်နီ၏ပေါင်ပေါ်သို့ အမြန်လှဲအိပ်လိုက်သည်။ အရုပ်ကိုဆိုလျှင် မမြင်ချင်၊ မကြားချင်လောက်အောင် ကြောက်တတ်သူဖြစ်သည်။ အကြောင်းမှာ အမြဲ ခြောက်လှန့်တတ်သည့် ဟန်နီ၏ပယောဂကြောင့်ပင်။

"ကြည့်ဘူး၊ မမဟန်နီက သိပ်ကြောက်စရာ ကောင်းတယ်၊ သားကိုဆိုရင် အမြဲခြောက်တာ၊ ကြောက်တယ်"

"ကြောက်စရာ မကောင်းပါဘူး၊ တစ်ခါလောက်ပဲ ထကြည့်ပါ"

"ဟင်အင်း ဟင်အင်း"

ဖြိုးသူသည် မျက်လုံးကို လက်နှစ်ဖက်ဖြင့် အုပ်ကာ ခွေခွေလေး နေလိုက်သည်။ ဟန်နီလည်း မတိုက်တွန်းတော့ဘဲ စာခြောက်ရုပ်ရှိရာဘက်ကို ပြန်လှည့်ကြည့်လိုက်သည်။ သို့သော် စာခြောက်ရုပ်က မရှိတော့ပေ။ အနောက်တွင် ကျန်ခဲ့ပြီးဟုသာ အာရုံမထားတော့ပေ။

ကားသည် မီးလင်းနေသော အိမ်ကြီးရှေ့သို့ ရပ်သွားလေသည်။ သဲ

မုန်တိုင်းကလည်း နည်းနည်း ငြိမ်သွားပြီ။

"ရောက်ပြီ ကလေးတို့၊ ကိုယ့်အထုပ်ကိုယ်ဆွဲပြီး ဆင်းကြ"

"ဟုတ်ကဲ့ မိုးမိုး"

"အိမ်ကလူ ရှိနေတာလား"

"ရှိတယ်၊ ဒီအိမ်ရဲ့အစောင့် အသက် (၅၀)ကျော် ဦးလေးကြီး တစ်ယောက် နေတာ၊ ပုံစံက အဘိုးကြီးအရွယ်ရှိပေမဲ့ သန်မာတယ်နော်၊ စကားတော့ အများကြီးပြောလေ့မရှိဘူး၊ ဒီကိုလာရင် အိမ်ကိုမြင်ရအောင် တစ်အိမ်လုံး ကို မီးဖွင့်ထားခိုင်းတာ"

"ဒီအိမ်ကနေလို့ရရင်ပဲ အဆင်ပြေပါပြီ၊ ဟန်နီနဲ့ဖြိုးသူ အမြန်ဆင်းကြ တော့"

လင်မယားနှစ်ယောက်သည် အထုပ်များကိုဆွဲကာ ကားပေါ်ကနေ အရင် ဆင်းသွားကြသည်။ ဖြိုးသူလည်း ကားထဲကနေ အမြန်ထွက်ပြီး ဒေါ်နွယ်စိုး ဆီသို့ အပြေးလိုက်သွားသည်။

ဟန်နီသည် ကားပေါ်ကနေ ချက်ချင်း မဆင်းသေးဘဲ ကျောပိုးအိတ်ထဲက ဖုန်းကို ထုတ်ကြည့်လိုက်သည်။ ဖုန်းလိုင်းပျက်နေသောကြောင့် စိတ်ပျက် ပြီး ကားပေါ်ကနေ အမြန်ဆင်းလိုက်သည်။ အိမ်တံခါးဝတွင် ရပ်နေကြသ ည့် မိသားစုကိုလည်း လှမ်းကြည့်ပြီး သက်ပြင်းချလိုက်သည်။

အိမ်က သစ်သားလုံးချင်း တစ်ထပ်အိမ်ဖြစ်သည်။ အကျယ်အဝန်းမှာ အလျားအနံ ပေ(၁၀၀) လောက်တော့ ရှိမည်ဟု ခန့်မှန်းမိသည်။ ခြံစည်းရိုး လည်းမရှိဘဲ ကွင်းပြင်ကျယ်ကြီးထဲတွင် အိမ်တစ်လုံးတည်းက အထီးကျန် သလို ဖြစ်နေသည်ဟု တွေး၏။ ခေါင်မိုးထပ်ကို မော့ကြည့်လိုက်ရာတွင် လည်း သဲလေပွေတစ်ခုက မျက်နှာကို ရုတ်တရက် ရိုက်ခတ်လာကာ

မျက်လုံးက စပ်သွားသည်။ မျက်လုံးက စပ်နေ၍ မဖွင့်နိုင်တော့ပေ။

"ဖလူး... ဖူး... ဖူး..."

"အား ဘာကြီးလဲ"

ဟန်နီသည် မျက်နှာတွင် လာစဉ်သော ရေများကြောင့် လန့်သွားသည်။ မျက်လုံးကို သေချာပွတ်ကာ ဖွင့်ကြည့်လိုက်မှ ရှေ့တည့်တည့်တွင် ရေသန့်ဘူး တစ်ဘူးကိုကိုင်ကာ ရပ်ကြည့်နေသော အဘိုးကြီးတစ်ယောက်ကို မြင်လိုက်ရသည်။ အဘိုးကြီး၏ပုံစံမှာ အလွန်အသက်ကြီးသူဟု ထင်ပေါ်ရလောက်အောင် တစ်ကိုယ်လုံးက အသားရေများမှာ သိသိသာသာကို တွဲကျနေလေသည်။ သွားကတော့ ရှိသေးကာ ပါးနှစ်ဖက်မှာတော့ ခွက်နေအောင်ချိုင့်ဝင်နေပြီ။ ကုန်းနေသောခါးကိုလည်း လက်တွင်ကိုင်ထားသော တုတ်ကောက်နှင့် ထိန်းထားသေး၏။ ဝတ်ထားသည်က စုတ်ချာနေသော ဂျင်းဘောင်းဘီတိုအမည်းနှင့် အရောင်မွဲနေသော ရှပ်အင်္ကျီလက်တိုအပြာဖြစ်သည်။ မျက်နှာကလည်း ကြောက်စရာကောင်းအောင် ရပ်တည်ကြီးနှင့်စိုက်ကြည့်၏။

ဟန်နီသည် မလန့်ပေ။ အိမ်တွင် အစောင့် အဘိုးကြီးတစ်ဦးရှိသည်ဟု ဦးဘောဂက ပြောထား၍ သိပြီးဖြစ်သည်။

"အဘိုး၊ ခုနက ဘာလုပ်လိုက်တာလဲ"

"ရေဖျန်းလိုက်တာလေ"

အဘိုးကြီး၏စကားပြောပုံမှာ သွက်လက်ပြီး ပီသနေတုန်းပင်။

"ပါးစပ်နဲ့ ဖျန်းလိုက်တာလားဟင်"

အဘိုးကြီးသည် ဘာမှဆက်မပြောဘဲ ကျောခိုင်းပြီး လှည့်ထွက်သွားသည်။ ဟန်နီနှင့် သိပ်မဝေးခင်ဘဲ ခြေလှမ်းကိုရပ်လိုက်ပြီး ပြန်လှည့်ကြည့်

သည်။

"သတ္တိရှိတဲ့ ကလေးမပဲ" ဆိုပြီး အိမ်အနောက်ဘက်ခြမ်းကို ဖြည်းဖြည်းချင်း လျှောက်သွားတော့သည်။

ဟန်နီသည် အဘိုးကြီး ပြောသွားသော စကားကြောင့် ပြုံးလိုက်မိသည်။ တကယ်ပဲ သတ္တိရှိသူဟုလည်း ခံယူထားသူဖြစ်သည်။

"အဘိုးက စိတ်နုနေသေးတယ် ထင်တယ်၊ အဲဒါကြောင့် ခုထိ အသက်ရှည်နေသေးတာ ဖြစ်မယ်"

ဟန်နီသည် အိမ်ထဲကို ဝင်တော့မည်လုပ်တုန်းပင် ညာခြေထောက်က ရှေ့မရဘဲ ဖြစ်နေ၏။ ခြေထောက်အောက်ကို ငုံ့ကြည့်လိုက်ရာတွင် (၁၂)လက်မအရွယ်ရှိသည့် စာခြောက်ရုပ်တစ်ရုပ်ကို မြင်လိုက်ရသည်။ စာခြောက်ရုပ်ကို ကောက်ယူပြီး ကြည့်လိုက်သည်။ ကားစီးစဥ်က မြင်ခဲ့သော စာခြောက်ရုပ်နှင့် တစ်ပုံစံတည်းဖြစ်မှန်း သတိရသွားသည်။ စာခြောက်ရုပ်၏ မျက်နှာကို သဘောကျစွာကြည့်ပြီး ပခုံးတွန့်ကာ ပြုံး၏။ သည်အရုပ်နှင့် ဖြိုးသူကို ခြောက်လှန့်ကြည့်တော့မည်ဟု တွေးမိသွားခြင်း ဖြစ်သည်။ စာခြောက်ရုပ်ကို ကျောပိုးလွယ်အိတ်ထဲသို့ ထည့်ကာ အိမ်ထဲသို့ အပြေးဝင်သွားလိုက်တော့သည်။

အိမ်ထဲကို ဝင်သွားလိုက်သည်နှင့် တံခါးပိတ်ထားသည့် အခန်းသေးသုံးခန်းကို ကွက်မြင်ရလေသည်။ အခန်းများက ညာဘက်ရှိ ဧည့်ခန်းနှင့် တစ်ဆက်တည်း ရှိနေပြီး ဘယ်ဘယ်တွင်တော့ အိမ်အနောက်ဘက်သို့ ဆက်သွားရမည် လမ်းရှိနေ၏။ အိမ်အတွင်းက အလွန်ကျဥ်းနေသည်ဟု ထင်ရသည်။

အိမ်ထဲတွင် လင်မယားနှစ်ယောက်က အလုပ်ရှုပ်နေ၏။ ညာဘက်ထောင့်အခန်းထဲရှိ ပစ္စည်းများကို အခန်းအပြင်သို့ ထုတ်ကြ၏။ ဖြိုးသူက သစ်သား

ခုံပုတစ်လုံးပေါ်တွင် ငုတ်တုတ် ထိုင်နေသည်။

"ဘာလုပ်နေကြတာလဲ"

"အခန်းက သုံးခန်းရှိတာ နှစ်ခန်းပဲ သုံးလို့ရတယ်လေ၊ သားနဲ့သမီး အတွက် အခန်းလုပ်ပေးမလို့"

အိမ်တွင် ပရိဘောဂပစ္စည်း အစုံအလင် ရှိနေသည်။ အိမ်ကို အပြင်ဘက်က ကြည့်လျှင် ကြီးသလိုနှင့် အတွင်းတွင် အခန်းများကကျဉ်းကာ ပစ္စည်းများဖြင့် ပြည့်ကျပ်နေ၏။

"ဒီပစ္စည်းတွေက ဘယ်ကနေ သယ်လာတာလဲ"

"ဒီပစ္စည်းတွေက အိမ်မှာ နဂိုရှိပြီးသားကြီးပဲ၊ အဲဒါကြောင့် အိပ်ခန်းတောင် မစီစဉ်ရသေးတာ၊ သားနဲ့သမီး ဖေဖေတို့ကို လာဝိုင်းကူပေးဦးလေ၊ မဟုတ်ရင် ဒီညအိပ်ရတော့မှာ မဟုတ်ဘူး"

"ဟုတ် ပါးပါး"

ဟန်နီသည် လွယ်ထားသော ကျောပိုးအိတ်ကို ဖြိုးသူဆီသို့ ကမ်းပေးလိုက်သည်။ ဝိုင်းကူမည်လုပ်တုန်းပင် အိမ်အပြင်ဘက်ကနေ တံခါးခေါက်သံက ထွက်လာသည်။

"တံခါးခေါက်သံ ကြားလိုက်လား ပါးပါး၊ ဘယ်သူလာလဲ မသိဘူး"

"အိမ်စောင့်ဦးလေး ဖြစ်မယ်၊ သမီးဟန်နီပဲ တံခါးသွားဖွင့်လိုက်"

ဟန်နီသည် တံခါးကို အမြန်သွားဖွင့်လိုက်ရာတွင် အဘိုးကြီးသာ ဖြစ်နေ၏။

အဘိုးကြီးသည် တုတ်ကောက်ကို ကြမ်းပြင်ပေါ်သို့ ဖြည်းဖြည်းချင်း ရွှေ့ထောက်ကာ အိမ်ထဲကို ဝင်လိုက်သည်။ အဘိုးကြီးကို ယခုမှမြင်မိသော ဖြိုးသူမှာ ကြောက်သွားပြီး ဒေါ်နွယ်စိုးအနားသို့ ပြေးကပ်လေသည်။

"မိုးမိုး၊ သားကြောက်တယ်"

"မကြောက်ပါနဲ့ သားရယ်၊ မိုးမိုးရှိတယ် ဟုတ်ပြီလား"

ထိုသို့မှ ဖြိုးသူသည် ခုံတွင် သွားပြန်ထိုင်၏။ အဘိုးကြီးလည်း ဖြိုးသူကို ကြည့်ပြီး ပြုံးပြလိုက်ပါသည်။

"ဦးလေးက ဘာကိစ္စရှိလို့လဲ ခင်ဗျာ"

ဦးဘောဂနှင့်အဘိုးကြီးသည် သားအဖအရွယ်သာ ဖြစ်ကြသော်လည်း ရုပ်ရည်အားဖြင့် အဘိုးနှင့်မြေးကဲ့သို့ ဖြစ်နေပါသည်။

"ဆရာက အိပ်ခန်း ရှာနေတယ် ထင်လို့ပါ"

အဘိုးကြီးသည် အိမ်ရှင်အသစ်ဖြစ်သော ဦးဘောဂကို လေးစားသမှုဖြင့် ဆရာဟုခေါ်သည်။

"ဟုတ်တယ် ဦးလေး၊ ကျွန်တော်လည်း အိမ်လာကြည့်ကတည်းက အခန်းမပြင်လိုက်ရဘူး၊ ပွဲစားက ဒီအိမ်မှာ အခန်းရော အသုံးအဆောင်တွေရော ပြင်ဆင်ထားပြီးသားလို့ ပြောလို့လေ၊ အိပ်ခန်းက တစ်ခန်းတည်း ပြင်ထားတာ၊ သားနဲ့သမီးအတွက် အိပ်ခန်းလိုနေတာ"

"ကျွန်တော်သိနေလို့ လာကြည့်တာပါ၊ ဒီမှာ ခေါင်မိုးထပ်အိပ်ခန်း ရှိပါတယ်၊ ကလေးနှစ်ယောက်ကို အခုလောလောဆယ် ပေးအိပ်လိုက်ပေါ့ကွယ်၊ နောက်နေ့မှ အခန်းတွေ ပြန်ပြင်ဆင်ကြပေါ့၊ ညဥ့်နက်နေပြီမလား"

"ကျေးဇူးပါ ဦးလေး၊ မဟုတ်ရင် ကျွန်တော်တို့ လမ်းခရီးပန်းတာနဲ့ ဖြစ်နေတာ"

"အေအေ၊ မိုက်ဆာရင် အဆင်သင့် ချက်စားလို့ရအောင် ရေခဲသေတ္တာထဲမှာရော ကြောင်အိမ်ထဲမှာပါ အစုံရှိတယ်နော်၊ လိုအပ်တာ မနက်ဖြန်မှ ပြောကြတာပေါ့၊ ကောင်းကောင်း အိပ်ကြကွယ်၊ ကျွန်တော် သွားပြီ"

အဘိုးကြီးသည် အိမ်ထဲကနေ ဖြည်းဖြည်းချင်း ပြန်ထွက်သွားသည်။ စကားကိုလည်း ဖြည်းဖြည်းနှင့် ပုံမှန်သာ ပြောတတ်ပြီး နွေးထွေးသော အသံရှိသူဖြစ်သည်။

"ယောက်ျား၊ အိမ်စောင့်က ကျွန်မတို့နဲ့ အသက်သိပ်မကွာဘူးလို့ ရှင်ပြောပေမဲ့ အသက် တော်တော်ကြီးနေတဲ့ပုံ ဖြစ်နေတော့ ဦးလေးလို့ ခေါ်ရမှာတောင် တစ်မျိုးပဲ၊ ဒါနဲ့ သူက ဘယ်မှာအိပ်တာလဲ"

"မွေးမြူရေးခြံဘေးနားက ဇရပ်မှာနေတာ"

"မွေးမြူရေးခြံဟုတ်လား၊ လာတုန်းက ကျွန်မမြင်တာ အိမ်တစ်လုံးတည်းပါ"

"ဒီမှာ ကြက်ခြံ၊ ဆိတ်ခြံ၊ ဝက်ခြံအပြင် မြင်းသုံးလေးကောင်တောင် ရှိတယ်၊ စိုက်ခင်းတွေလည်းရှိတယ်၊ မနက်ဖြန်မှ လိုက်ပြပေးမယ် ဟုတ်ပြီလား"

"ရှင် အဲဒါတွေပါ အကုန်ဝယ်ထားတာလား၊ ရှင့်ဟာက အိမ်ကိုဝယ်ထားတာ မဟုတ်ဘဲ လာတည်းခိုနေသလိုပဲ"

"ဝယ်ထားတာပါ မိန်းမရာ၊ အမှန်တော့ ဒီနယ်မြေကို အိမ်စောင့်ဦးလေးက ပိုင်တာ၊ အသက်ကြီးပြီဆိုတော့ ဒီနေရာကို ထိန်းသိမ်းမနိုင်တော့ဘူးလေ၊ ကိုယ်တို့ကလည်း ဒီလိုနေရာကို သဘောကျတယ်မလား၊ ဒီနေရာကို ပြန်ပြီး ထိန်းသိမ်းစောင့်ရှောက်တဲ့ သဘောပေါ့ကွာ"

"ကောင်းတာပါပဲ၊ ဒါပေမဲ့ ကျွန်မ စိတ်ထဲမကောင်း ဖြစ်မိတယ်၊ ခြံစောင့်ဦးလေးက သားသမီး မရှိဘူးလားနော်"

"အဲဒါတော့ ကိုယ်လည်းမသိဘူး၊ တော်ပြီကွာ သိချင်တာတွေ နောက်မှမေးတော့၊ ခရီးပန်းနေပြီ အိပ်ကြရအောင်"

"ပါးပါး၊ သမီးတို့ နေရာမယ့်ခေါင်မိုးထပ်က ဘယ်မှာလဲ"

"ဟုတ်သားပဲ၊ ခေါင်မိုးထပ်အခန်းရှိမှန်း ပါးပါးက မသိဘူး၊ ဦးလေးက လည်း ဘယ်မှာရှိမှန်း မပြောသွားဘူး ဒုက္ခပဲ"

"ပါးပါး၊ ဒီမှာလား မသိဘူး"

ဖြိုးသူက ထိုင်နေသည့် အပေါ်တည့်တည့်ကို လက်ညှိုးထိုးပြကာ ပြော၏။

ဦးဘောဂသည် ဖြိုးသူ ညွှန်ပြရာကို ကြည့်လိုက်သည်။ ချိတ်အကောက် တစ်ခုကို တွေ့ပြီး ဆွဲချလိုက်ရာတွင် ခေါက်လှေကားတစ်ခုက ကျလာသည်။

"ဟုတ်တယ်ဟ၊ ပါးရဲ့သား တော်တယ်၊ ကဲကဲ အပေါ်တက်ပြီး အနားယူ တော့၊ ပါးပါးတို့ လိုက်မကြည့်လည်း ဖြစ်ရဲ့လား၊ မနက်ဖြန်မှ အခန်းသစ် ပြင်ပေးတော့မယ် ဟုတ်ပြီလား"

"ဖြစ်ပါတယ် ပါးပါး၊ သမီးနဲ့မောင်လေး တက်သွားလိုက်တော့မယ်၊ ဂွတ်နိုက်ပါးပါး၊ ဂွတ်နိုက်မိုးမိုး"

ဟန်နီသည် အဖေနှင့်အမေ၏ ပါးတစ်ဖက်စီကို နမ်းလိုက်ပြီး ခေါက် လှေကားပေါ်သို့ တက်သွားလိုက်သည်။ ဖြိုးသူကိုတော့ လင်မယားနှစ် ယောက်ဘက်က နမ်းလိုက်ပြီး ခေါင်မိုးထပ်သို့ အမြန် တက်သွားခိုင်းလိုက် သည်။

ဟန်နီသည် ခေါင်မိုးထပ်အခန်းကို မြင်ပြီး လွန်စွာ သဘောကျသွားသည်။ အခန်းက အလွန်သန့်ပြန့်နေပြီး ကြမ်းပြင်ပေါ်တွင် ခုတင်မပါသော မွေ့ရာ ခင်းကြီးပါ ရှိနေသည်။ ပြတင်းပေါက်ကလည်း တစ်ခုသာရှိသည်။

"မမဟန်နီ၊ သားတို့ဘယ်မှာ အိပ်သာ တက်ရမလဲဟင်"

ဖြိုးသူက ငယ်သေးသော်လည်း စကားလုံးများကို တွင်ကျယ်စွာ ပြော တတ်သည်။

"တက်ချင်ရင် အောက်ဆင်းရမယ် ထင်တယ်၊ အခု တက်ချင်ပြီလို့လား"

"ဟင်အင်း၊ ကြိုမေးထားတာ"

"တက်ချင်မှ မမကိုခေါ်ပြီး သွားကြတာပေ့ါ၊ ဘယ်မှာရှိလဲမသိရင် မိုးမိုးနဲ့ ပါးပါးကို သွားခေါ်နှိုးကြတာပေ့ါ၊ ဒါနဲ့ မမရဲ့ကျောပိုးအိတ် ဘယ်မှာလဲ"

"အာ၊ သား မေ့ကျန်ခဲ့ပြီ၊ ခုံပေါ်မှာ တင်ထားခဲ့တယ် ထင်တယ်"

"ဟင့် ဆင်းယူရမှာ ပျင်းလိုက်တာ၊ တော်ပြီ မနက်ဖြန်မှ ယူတော့မယ်၊ အခု အိပ်ငိုက်နေပြီ၊ မြန်မြန် အိပ်ရအောင်"

မောင်နှမနှစ်ယောက်သည် မွေ့ရာကြီးပေါ်သို့ တစ်ပြိုင်တည်း ခုန်တက်လိုက်ပြီး ပက်လက်လှဲအိပ် လိုက်ကြသည်။

"ဟာ မမ၊ ကြယ်တွေ"

အိပ်သည့်နေရာ၏အပေါ် အမိုးတစ်ဝိုက်က သွပ်ခေါင်မိုးဖြင့်မလုပ်ထားဘဲ မှန်ဖြင့်သာ လုပ်ထား၏။ အိပ်နေရင်း ကောင်းကင်ပေါ်က ကြယ်၊ လများကို ကြည့်နိုင်သည်။ ယခုအချိန် ကောင်းကင်ကလည်း ကြယ်များစွာနှင့် အလွန် လှပနေသည်။

"ဟုတ်တယ်နော်၊ တော်တော်လှတယ်၊ ပါးပါးပြောပုံအရဆိုရင် ဒီနေရာ အင်တာနက်မှာ ပြထားတဲ့ပုံတွေလိုပဲ လှမှာ၊ မမတော့ ဒီနေရာကိုကြိုက် သွားပြီ၊ ဒီအခန်းမှာ နေတော့မယ်၊ မောင်လေးလည်း ဒီမှာပဲ နေမယ်မလား"

ဖြိုးသူကို လှည့်ကြည့်လိုက်ရာတွင် ဖြိုးသူက အိပ်မောကျသွားပြီ။ ကြယ်များ၏ လှပပုံမှာလည်း ရင်သပ်ရှုမောချင်စဖွယ် လွမ်းမောစရာကောင်းနေ၍ ခရီးပန်းလာသည်နှင့် အမြန် အိပ်ပျော်ချင်သည်မှာ မဆန်းပေ။ ဖြိုးသူကို စောင်ခြုံပေးလိုက်ပြီး မွေ့ရာကြီးပေါ်ကနေ ဆင်းလိုက်သည်။

"ငါ အိပ်လို့မရသေးပါလား"

ပြတင်းပေါက်နားကိုသွားပြီး အိမ်အပြင်ဘက်ကို ကြည့်လိုက်သည်။ သဲမုန်တိုင်းက မပြီးသေးသောကြောင့် ပတ်ဝန်းကျင်ကို ကောင်းစွာ မမြင်ရပေ။

"မမဟာန်နီ"

ခေါ်သံကြားလိုက်၍ ဖြိုးသူဘက်ကို အမြန် လှည့်ကြည့်လိုက်သည်။ ဖြိုးသူက အိပ်နေတုန်းပင်။ နားကြားမှားသည်ဟုသာ အောက်ထပ်တွင် ကျန်ခဲ့သော ကျောပိုးအိတ်ကို သွားယူရန် ခေါင်မိုးထပ်ကနေ ဆင်းသွားလိုက်တော့သည်။ ဖွင့်ထားသော မီးချောင်း၏ အလင်းရောင်မှာ အားနည်းနေ၍ မြင်ကွင်းကို ထင်ထင်ရှားရှား မမြင်ရပေ။

"လွယ်အိတ်က ဘယ်ရောက်နေတာလဲ"

ဖြိုးသူက ကျောပိုးလွယ်အိတ်ကို ခုံပေါ်တွင်ထားခဲ့သည်ဟု ပြောသည်။ ယခုက ဘာမှမတွေ့ပေ။ သန့်စင်ခန်းသွားချင်သည်နှင့် အိမ်ခန်းတွေကိုသာ လိုက်ပတ်ကြည့်တော့သည်။ အိမ်ခန်းက များသော်လည်း မကျယ်ပေ။ ပစ္စည်းများ ပြည့်ကျပ်နေ၍ လမ်းကို ကွေ့ကောက် သွားရသေးသည်။ သန့်စင်ခန်းက ချက်ပြုတ်ခန်းဘက်တွင်ရှိနိုင်၍ အိမ်၏အနောက်ဘက် အခန်းဆုံးသို့ သွားလိုက်ရာတွင် သန့်စင်ခန်းကို အလွယ်တကူ တွေ့သွားတော့သည်။

"အခန်းထဲမှာ မီးလုံးရှိရဲ့လား၊ တစ်အိမ်လုံးကလည်း မှောင်နေတာပဲ"

သန့်စင်ခန်းထဲကို မဝင်ချင်တော့ပေ။ ခေါင်မိုးထပ်ကိုသာ ပြန်သွားရန် ထွက်သွားတော့မည် လုပ်တုန်းပင် ချက်ပြုတ်ခန်းဘက်က အိမ်အပြင်ဘက်တွင် ကားစက်နှိုးသံကို ကြားလိုက်ရသည်။ သည်အချိန် မည်သူက ကားမောင်းရသလဲဟု ချက်ပြုတ်ခန်းထဲကို ဝင်သွားလိုက်ပြီး ပြတင်းပေါက်မှန်ကနေတစ်ဆင့် အိမ်အပြင်ဘက်ကို လှမ်းကြည့်လိုက်သည်။ အသံက မီး

လင်းနေသည့် ဂိုဒေါင်တစ်ခုကနေ ထွက်နေသည်ကို မြင်လိုက်ရသည်။ အသံကို သေချာ နားထောင်လိုက်မှ ကားစက်နှိုးသံ မဟုတ်ဘဲ လွှဖြတ်စက်သံ ဖြစ်နေသည်။ အိမ်စောင့်အဘိုးကြီးက တစ်ခုခု လုပ်နေသလားဟု စိုးရိမ်စိတ် ဝင်သွားမိသည်။ မကြာဘဲ အသံတိတ်သွားပြီး ဂိုဒေါင်မီးလည်း ပိတ်သွားသည်။ စိတ်သက်သာသွားကာ အိမ်ရှေ့ခန်းကို အမြန် ပြန်သွားလိုက်တော့သည်။ ကျောပိုးအိတ်ကို ရှာမတွေ့သောကြောင့် ခေါင်မိုးထပ်ကို ပြန်တက်သွားလိုက်ရာတွင် ကျောပိုးအိတ်ကို ပြတင်းပေါက်နားတွင် တွေ့လိုက်ရသည်။

"ဘယ်လိုလုပ် ဒီမှာ ရောက်နေတာလဲ၊ ခုနက မတွေ့ပါဘူး၊ ဖြိုးသူ ပြန်ယူလာတာလား"

ကျောပိုးအိတ်ကို ယူကြည့်လိုက်ရာတွင် အိတ်ဇစ်က ပွင့်နေသည်။ ထည့်ထားသော စာခြောက်ရုပ်ကိုလည်း မတွေ့ရ၍ ဖြိုးသူကို လှည့်ကြည့်လိုက်သည်။ ဖြိုးသူလက်ထဲတွင် စာခြောက်ရုပ်က ထူးဆန်းစွာ ရှိနေ၏။ အရုပ်ကို ဆိုလျှင် ကြောက်တတ်သူက အရုပ်ကို ဖက်အိပ်ထား၏။ အာရုံမထားတော့ပေ။ ဖြိုးသူက အိတ်ကို ပြန်သယ်လာသည်ဟုသာ ထင်လိုက်သည်။ အိတ်ထဲက ဖုန်းကို ထုတ်ယူကြည့်လိုက်သည်။ ဖုန်းလိုင်းက လုံးဝဖြတ်တောက်နေ၏။ သည်နားတွင် ဆက်သွယ်ရေးတိုင် ရှိပါ့မလားဟု စိတ်ညစ်ညူး သွားမိသည်။ ဆက်သွယ်ရေးလိုင်း မရပါက မြို့က သူငယ်ချင်းများနှင့် အဆက်ပြတ်သွားမည်ကို စိုးရိမ်သောကြောင့်ဖြစ်သည်။ ဖုန်းအားလည်း ကုန်ခါနီးဖြစ်သောကြောင့် ဖုန်းကို အမြန်သိမ်းလိုက်ပြီး ဖြိုးသူဘေးတွင်သာ အမြန် သွားဝင်လှဲလိုက်တော့သည်။

***

# အခန်း(၂)

"မောနင်းပါ သားနဲ့သမီးရေ၊ ညက ကောင်းကောင်း အိပ်ပျော်ရဲ့လား"

ဒေါ်နွယ်စိုးသည် ကြက်ဥကြော်နေရင်း ချက်ပြုတ်ခန်းထဲကို ဝင်လာကြသည့် ယောက်ျားနှင့်ကလေးများကို နှုတ်ဆက်လေသည်။

ဦးဘောဂသည် စားပွဲခုံတွင် အမြန်ဝင်ထိုင်လိုက်ကာ ရှေ့က သတင်းစာတစ်စောင်ကို ယူဖတ်လိုက်သည်။

"မြို့မှာ မိုးရွာနေပြီပဲ"

"မုန်တိုင်း ဖြစ်လို့လား"

"ဟုတ်တယ်၊ သစ်ပင်တွေအမြစ်ကျွတ်ပြီး အိမ်တွေတောင် ပျက်စီးကုန်တယ်တဲ့၊ ကိုယ်တို့ အမြန်ပြောင်းလာမိတာ ကံကောင်းသွားတာပဲ၊ ဒီလက မေလကုန်ခါနီးပြီမလား၊ မိုးရာသီရောက်တော့မှာဆိုတော့ စိုက်ခင်းတွေ တော်တော်လေး အဖြစ်ထွန်းတော့မှာ"

"ပါးပါး၊ သမီး ခေါင်မိုးထပ်မှာ နေရတာကြိုက်တယ်၊ အခန်းမပြောင်းတော့ဘူး"

"သားလည်း တူတူပဲ"

"ဒါဆို ပိုကောင်းတာပေါ့၊ အလုပ်မရှုပ်တော့ဘူးပေါ့မလား၊ အိမ်ကပစ္စည်းတွေကို ရှင်းဖို့ကလည်း လိုအပ်တာတွေကြီးပဲ၊ မရှင်းဘဲ နေတော့မလားလို့"

"ရှင်မရှင်းနိုင်ရင် မရှင်းနိုင်ဘူးပေါ့၊ ရှင်မရှင်းချင်ရင်နေ၊ ကျွန်မရှင်းလိုက်မယ်၊ အခန်းတွေကျဉ်းတော့ နေမပျော်ဘူး"

"မင်းသဘောပဲ၊ သားနဲ့သမီးကလည်း ဝိုင်းကူလိုက်ပေါ့"

"ပါးပါး၊ သမီး ဘယ်နေ့မြို့ကို သွားလည်လို့ရမလဲ"

"ဒီနေ့ပဲ ရောက်လာတာလေ၊ သူငယ်ချင်းတွေကို လွမ်းနေပြီမို့လား"

"လွမ်းတော့လွမ်းတာပေါ့၊ ခုက ဖုန်းလိုင်းမမိလို့ပါ၊ ဘယ်လိုမှ ဆက်သွယ်မရဘူး၊ အင်တာနက်မရရင် ပျင်းစရာကြီးဖြစ်နေမှာ"

ဟန်နီသည် ပြောလျက် စားပွဲခုံတွင် ဝင်ထိုင်လိုက်ကာ ဖြိုးသူကိုလည်း မချီလိုက်ပြီး တစ်ဖက်ခုံပေါ်သို့ ပေးထိုင်လိုက်သည်။

"ဒီကနေ လေးမိုင်ကျော်လောက်မှာတော့ ဆက်သွယ်ရေးလိုင်းမိတယ်၊ အင်တာနက်တော့ သုံးမရဘူး၊ ဒီက လျှပ်စစ်မီးတွေတောင် ဆိုလာပြားနဲ့သုံးနေရတာ ဖုန်းသုံးဖို့အချိန်ရမှာ မဟုတ်ဘူး"

"ဟာ ... ဒါဆို ပျင်းစရာကြီးပေါ့၊ သမီး မြို့ပဲပြန်နေချင်ပြီ"

"ပျင်းချိန်တောင် ရမှာမဟုတ်ဘူး၊ ဒီမှာ တစ်ပတ်လောက်ပဲ နေကြည့်၊ မပျော်ရင် မြို့က အမျိုးတွေအိမ်ကို ပို့ပေးမယ် ဟုတ်ပြီလား၊ သူငယ်ချင်းတွေနဲ့ ဆက်သွယ်ချင်ရင် ပါးပါးကိုပြော၊ လိုင်းမိတဲ့နေရာကို ဒီကထော်လာဂျီကားနဲ့ ပို့ပေးမယ်"

"ဒါဆိုလည်း ပြီးရော"

ဟန်နီသည် နွားနို့ပူပူလေးတစ်ခွက်ကို ဖြည်းဖြည်းချင်း မှုတ်သောက် နေလိုက်တော့သည်။

ဒေါ်နွယ်စိုးသည် ကြက်ဥကြော်လေးခုနှင့် ပေါင်မုန့်မီးကင်လေးချပ်ကို ပန်းကန် တစ်ချပ်ချင်းစီပေါ်သို့ တစ်ခုချင်းစီ ထည့်လိုက်သည်။ ပြီးမှ ခုံတွင် ဝင်ထိုင်လိုက်ပြီး...

"သမီးဟန်နီ နောက်အပတ်ဆိုရင် ကျောင်းတက်ရမှာနော်၊ သားဖြိုးသူ

ရောပဲ"

"ကျောင်းတက်ရမယ်၊ မြို့ထိကိုလား"

"မဟုတ်ပါဘူး၊ အရင်ကျောင်း မဟုတ်ဘူး၊ ဒီနေရာနဲ့သိပ်မဝေးဘူး ကျောင်းအသစ်မှာ တက်ရမှာ၊ လာတုန်းက မမြင်လိုက်ဘူးလား၊ ဘုရားကျောင်းနားကလေ"

"မသိပါဘူး၊ ဒီနားမှာ ဘာမှတောင် မရှိတာကို"

"ဒီနားမှာတော့ မဟုတ်ပါဘူး၊ နည်းနည်းတော့ဝေးတယ်၊ တောကျောင်းဆိုပေမဲ့ ဒေသခံတွေက ကောင်းကြပါတယ်၊ နှစ်ယောက်စလုံးကို ကျောင်းအပ်ပေးဖို့ ကြိုတင် ဆက်သွယ်ထားပြီးပြီ"

"မိုးမိုးသဘောပဲ၊ သမီးက ဘယ်နေရာဖြစ်ဖြစ် အဆင်ပြေတယ်၊ စာသင်တာ ခက်တာမှ မဟုတ်တာ"

ဟန်နီနှင့်ဖြိုးသူသည် ပညာရေး၌ ဘက်စုံထူးချွန်သူများဖြစ်ပြီး ပေါင်းသင်း ဆက်ဆံရေးလည်း အဆင်ပြေကြသူများဖြစ်၍ မိဘများက စိတ်မပူကြရပေ။

"မိုးမိုး၊ သား ရှူးပေါက်ချင်တယ်"

"ထထ၊ လိုက်ပို့ပေးမယ်"

ဒေါ်နွယ်စိုးသည် ဖြိုးသူကိုခေါ်ကာ စားပွဲဝိုင်းကနေ ထထွက်သွားသည်။ သားအဖ နှစ်ယောက်တည်းသာ ကျန်ကာ စကားမပြောဖြစ်ကြဘဲ ကိုယ့်မနက်စာကိုသာ ပြီးအောင် စားကြသည်။

"အဟမ်း၊ မနက်ခင်းအတွက် အားဖြည့်ပြီးပြီဆိုတော့ အလုပ် လုပ်ရတော့မှာပေါ့"

ဦးဘောဂသည် ဖတ်နေသည့် သတင်းစာကို ခေါက်သိမ်းလိုက်ကာ

အကြောဆန့်ပြီး ခုံကနေ ထလိုက်သည်။

"သမီး ဟန်နီ၊ ဒီနေ့ ပါးပါးနဲ့လိုက်မလား"

"ဘယ်ကိုလဲ"

"လယ်ကွင်းကိုလေ၊ ဒီနေရာက ဘယ်ရာသီဥတုမဆို စိုက်ပျိုးရေး နည်းပညာကောင်းရင် အကုန်ဖြစ်ထွန်းတယ်၊ သမီးဟန်နီကြိုက်တဲ့ ပြောင်းခင်းလည်းရှိတယ်၊ ပြောင်းဖူးလေ၊ အကုန် ရိတ်သိမ်းပြီးဖြစ်လို့ သွားကောက်ရုံပဲ"

"ဟင် တကယ်လား ပါးပါး"

ဟန်နီသည် မျက်လုံးများ ပြူးကျယ်သွားကာ စားလက်စပေါင်မုန့်ကို ပန်းကန်ပေါ်သို့ ပစ်ချလိုက်သည်။ ပြောင်းဖူးဆိုလျှင် ဘယ်လိုနည်းမျိုးဖြင့် စားသောက်ဖွယ်ရာကို ပြင်ဆင်ထားသည်ဖြစ်စေ အလွန် ကြိုက်သူဖြစ်သည်။

"တကယ်ပေါ့၊ ဒီမှာက သီးပင်မျိုးစုံစိုက်ထားတာ၊ ဈေးဝယ်ထွက်စရာတောင် မလိုဘူး၊ လတ်လတ်ဆတ်ဆတ် စားရမှာ၊ အခုသွားမယ့်နေရာမှာ ဖုန်းလိုင်းမိတယ်နော်၊ လိုက်ချင်ရင် ပေါ့ပါးတဲ့အင်္ကျီလက်ရှည် ဘောင်းဘီရှည် သွားလဲဝတ်လိုက်တော့"

"ဟုတ်ပါးပါး၊ ခုပဲ သွားလဲတော့မယ်"

ဟန်နီသည် စားပွဲဝိုင်းကနေ ထထွက်သွားပြီး ခေါင်မိုးထပ်ကို အမြန်တက်သွားတော့သည်။ ကျောပိုးအိတ်ထဲကနေ ဖုန်းကိုထုတ်ယူလိုက်ပြီးမှ ...

"ဟုတ်သားပဲ၊ အဝတ်အစားအိတ်ကို မသယ်လာရသေးဘူးပဲ၊ မိုးမိုးသယ်ပြီး ဘယ်မှာထားလဲ မသိဘူး"

ဖုန်းကို ကြမ်းပြင်ပေါ်တွင် ချထားလိုက်ကာ အောက်ထပ်ကို ပြန်ဆင်း

သွားလိုက်ပြီး ချက်ပြုတ်ခန်းကို သွားလိုက်သည်။ စားပွဲဝိုင်းတွင် ဒေါ်နွယ်စိုးနှင့်ဖြိုးသူသာ ရှိနေသည်။

"မိုးမိုး၊ သမီးရဲ့အဝတ်အစားအိတ်ကို ဘယ်မှာထားထားလဲ"

"ဟန်နီ၊ ဟုတ်သားပဲ၊ မိုးမိုးရဲ့အိပ်ခန်းထဲမှာ ရှိတယ်၊ အခန်းလိုက်ပြပေးရမလား"

"ရတယ်မိုးမိုး၊ သမီးဘာသာ ရှာလိုက်မယ်၊ မောင်လေးရဲ့အဝတ်အိတ်ကိုလည်း ယူလိုက်မယ်နော်"

ဟန်နီသည် အိမ်ရှေ့ကို ပြန်ထွက်သွားကာ အိပ်ခန်းကို ရှာတော့သည်။ တံခါးပိတ်ထားသော အခန်းသုံးခန်းတွင် ဘယ်ဘက်ထောင့်အခန်းထဲကို အရင် ဝင်ကြည့်လိုက်သည်။ အိပ်ခန်းသာ ဖြစ်နေ၍ အဆင်ပြေသွားသည်။ အဝတ်အိတ်များက စားပွဲခုံကြီးပေါ်တွင် ရှိနေသည်။ အဝတ်အိတ်ထုပ်ကြီးနှစ်အိတ်ကိုယူပြီး အခန်းထဲကနေ ပြန်ထွက်လာလိုက်ရာတွင် စိတ်က အလယ်အခန်းဆီကို ရောက်သွား၏။ အခန်းသုံးခန်းရှိရာတွင် အလယ်အခန်းက သော့ခလောက်ဖြင့် ပိတ်ခတ်ထားသည်။ စိတ်က ထိုအလယ်ခန်းထဲကို ဝင်ချင်မိသည်။ စပ်စုတတ်သည့်စိတ်က ကြီးသောကြောင့် သော့ခလောက်ကို ကိုင်ကြည့်မည်လုပ်တုန်းပင်...

"သမီး ဟန်နီ"

ရုတ်တရက် ထွက်ပေါ်လာသည့် ဦးဘောဂ၏ခေါ်သံကြောင့် သော့ခလောက်ကို ကိုင်တော့မည့်လက်မှာ တွန့်ဆုတ်သွားသည်။

"ပါးပါး"

"ဘာလုပ်နေတာလဲ၊ အဝတ် အမြန်သွားလဲတော့လေ"

"ဟုတ် ပါးပါး၊ ဒီမှာလေ ဒီအခန်းက ဘာဖြစ်လို့ သော့ခတ်ထားတာလဲ"

"ပါးပါးလည်း မသိပါဘူး၊ အဲဒီအခန်းကို ဝင်လို့မရဘူးတဲ့၊ သော့လည်း ပျောက်နေတယ်ဆိုလို့လေ"

"ဟုတ်လား၊ ဟုတ်ပါးပါး၊ အခုပဲ အမြန် အဝတ်သွားလဲလိုက်မယ်"

"အေအေ၊ ပါးပါး အိမ်အနောက်ဘက်က ဂိုဒေါင်ထဲမှာ စောင့်နေမယ်"

ဟန်နီသည် ခေါင်မိုးထပ်ကို အမြန်ပြန်တက်သွားလိုက်ပြီး အဝတ်အစား လဲလိုက်တော့သည်။ ပြီးနောက် အောက်ထပ်ကိုဆင်းသွားပြီး အိမ်ပြင်ကို ထွက်မည်လုပ်တော့လည်း ဖုန်းမေ့ကျန်ခဲ့၍ ခေါင်မိုးထပ်ကို ပြန်တက်သွား ရပြန်သည်။

"ဟမ် မောင်လေးဖြိုးသူ"

မွေ့ရာပေါ်တွင် ကျောပေးပြီး အိပ်နေသည့် ဖြိုးသူကိုမြင်ပြီး အံ့သြသွား သည်။ ချက်ပြုတ်ခန်းထဲတွင် မနက်စာစားနေသည့် ဖြိုးသူက ဘယ်အချိန် ကတည်းက သည်ကိုရောက်လာသည်ကို တွေးမရပေ။ တက်တက်ကြွကြွ ရှိ တတ်သည့် ဖြိုးသူက သည်အချိန် အိပ်ရာပေါ်တွင်လည်း လှုပ်လေ့မရှိပေ။

"မောင်လေး၊ နေမကောင်းဘူးလား"

ဟန်နီသည် ဖုန်းကို ရှာနေရင်း မေးလိုက်သည်။ ဖြိုးသူက ပြန်မဖြေဘဲ ငြိမ်နေသည်။

"ဖြိုးသူ၊ မမမေးတာ ဖြေလေ"

ဖြိုးသူကို စိတ်ပူရသည်ထဲက ဖုန်းကို ရှာမတွေ့ ဖြစ်နေသည်။ ဖုန်းကို ကျောပိုးအိတ်ထဲကနေ ထုတ်ကာ တစ်နေရာရာတွင် တင်ထားခဲ့ပြီး အဝတ် အိတ် သွားယူသည်။ ယခု ဖုန်းကို ဘယ်မှာထားခဲ့မိမှန်း လုံးဝတွေးမရပေ။

"မောင်လေး၊ မမရဲ့ဖုန်းကို ယူသေးလား"

ဖြိုးသူ အနားကို ကပ်သွားပြီး ဖြိုးသူ၏တင်ပါးကို အသည်းယားသလို

ဖြည်းဖြည်းလေး ရိုက်လိုက်သည်။ ဖြိုးသူက လုံးဝမလှုပ်။

"နေမကောင်းဘူးလား"

နောက်ကနေ ဖြိုးသူ၏နဖူးကို စမ်းကိုင်ကြည့်လိုက်သည်။ နဖူးက အလွန် အေးစက်နေသည်။

"အေးစက်နေတာပဲ၊ အဆင်ပြေရဲ့လား ဖြိုးသူ၊ မမမေးတာကို ဖြေပါဦး"

စိုးရိမ်တကြီးအသံဖြင့် မေးလိုက်မှ ဖြိုးသူက လက်တစ်ဖက်ကို ထောင်ပြလာသည်။ လက်ထဲတွင် ဖုန်းကိုင်ထားသည်။

"ကြည့်စမ်း၊ မေးတုန်းက မဖြေဘူး"

ဖြိုးသူ လက်ထဲက ဖုန်းကို ဆွဲယူလိုက်သည်။

"နေကောင်းရဲ့လား၊ မမကို လှည့်ကြည့်ဦးလေ"

"နေကောင်းပါတယ် မမ၊ သားအိပ်ချင်တယ်"

ဖြိုးသူ အသံက တိုးတိုးလေးသာ။

"အဲဒါဆိုလည်း အိပ်၊ မမသွားတော့မယ်"

ဟန်နီသည် ညက ယူလာသည့် စာခြောက်ရုပ်ကို သတိရသွားသည်။ ညက စာခြောက်ရုပ်ကို ဖြိုးသူက ဖက်အိပ်ထားသည်။ ယခု ဘယ်ရောက်နေသည်ကို မသိပေ။ ဖြိုးသူကို မစနောက်ချင်သေးသောကြောင့် အောက်ထပ်ကို ဆင်းသွားလိုက်ပြီး အိမ်အနောက်ဘက်က ဂိုဒေါင်ဆီသို့ သွားလိုက်တော့သည်။

ဂိုဒေါင်ထဲတွင် ဦးဘောဂက အဘိုးကြီးနှင့်အတူ လွှဖြတ်စက်ကို ပြင်နေသည်။

"ပါးပါး၊ ဘာလုပ်နေတာလဲ"

"ဒီမှာလေ၊ ဖြတ်စက်က ဘာဖြစ်နေလဲ မသိဘူး၊ စက်နိုးမရဘူး ဖြစ်နေတာ"

"ဟုတ်လား၊ ဒါနဲ့ ညကလေ ဒီလွှဖြတ်စက်သံ ကြားလိုက်သေးတယ်"

"ကဲ...စက်က လုံးဝနိုးမရဘူး၊ ကျွန်တော်တို့နောက်မှ ပြန်ပြင်ကြတာပေါ့၊ ကျွန်တော် သမီးလေးနဲ့ ပြောင်းခင်းသွားမလို့ ခွင့်ပြုပါဦး"

အဘိုးကြီးက ခေါင်းညိတ်ပြသည်။ သားအဖနှစ်ယောက်သည် ဂိုဒေါင်ထဲကနေ ထွက်ကာ ထော်လာဂျီကားကို စီးကြတော့သည်။ ထော်လာဂျီကားစီးရသည်မှာ ခုန်ဆွခုန်ဆွနှင့် စက်သံကလည်း အလွန်ဆူညံသည်။ သို့သော်လည်း စီးပျော်စေသည်။

"ပြောင်းခင်းက ဝေးလား ပါးပါး"

"တစ်မိုင်ကျော်တယ်၊ ဒီနေရာက မြေဆီလွှာ မတူကြဘူးလေ၊ အိမ်နားမှာ အသီးအရွက်တွေ အများကြီးစိုက်လို့ရပေမဲ့ ပြောင်းဖူးတို့ ဂျုံတို့ စပါးတို့ စိုက်လို့မရဘူး၊ စိုက်လို့ရရင်လည်း သိပ်အဖြစ်မထွန်းဘူးလေ"

"ဟုတ်လား၊ ဒါကြောင့် ဒီနေရာကို ထူးဆန်းတယ်လို့ ခံစားရတာ၊ ဒါပေမဲ့ ရှုခင်းတွေက အင်တာနက်က ပုံအတိုင်းပဲ သိပ်လှတယ်နော်"

ဖြတ်လာသည့် လမ်းတစ်လျှောက်လုံးတွင် စိမ်းစိုသော မြက်ပင်နုများစွာကို မြင်ရလေသည်။ ကားဘီးအောက်တွင် ဖိနင်းခံလိုက်ရသော မြက်ပင်များကလည်း မကျိုးသွားဘဲ ကားဘီးရွေ့သွားသည်နှင့် ပုံမှန် ပြန်ထောင်မတ်ကြသည်။ ပတ်ဝန်းကျင်က အစိမ်းရောင် ရှုခင်းများနှင့် လွှမ်းမိုးနေပြီး လေပြည်လေအေးကလည်း ညင်ညင်သာသာ တိုက်ခတ်သောကြောင့် အသက်ကို တစ်ခါ ခပ်ပြင်းပြင်း ရှူရှိုက်လိုက်တိုင်း ခန္ဓာကိုယ်က လန်းဆန်း ပေါ့ပါးသွားစေသည်။

ပတ်လည်ဝိုင်းထားကြသည့် တောင်တန်းများကလည်း အနိမ့်အမြင့် ညီညာမှုရှိကြပြီး ကြည့်လိုက်တိုင်း သက်ရှိကင်းမဲ့သော ကမ္ဘာ၏တစ်ဖက် ခြမ်းတွင် နေရသည်ဟု ထင်စေ၏။

"ဒီနေရာကို ကြိုက်လိုက်တာ၊ တစ်ရက်လောက် မြို့က သူငယ်ချင်းတွေ ခေါ်ပြီး လာလည်ခိုင်းမှပဲ"

"ရတယ်လေ၊ နောက်တစ်ပတ်ဆိုရင် ပါးပါး မြို့ကို ခဏသွားရမှာ၊ သမီးရဲ့ သူငယ်ချင်းတွေကို ခေါ်လာပေးမယ်လေ"

"တကယ်လား ပါးပါး၊ ဟီး ပျော်လိုက်တာ၊ အယ် ဟုတ်သားပဲ၊ မောင်လေး ဖြိုးသူ နေမကောင်း ဖြစ်နေလား မသိဘူး၊ မိုးမိုးကိုပြောဖို့ မေ့သွားတယ်"

"သားဖြိုးသူက နေကောင်းပါတယ်၊ မနက်စာ စားပြီးတာနဲ့ စိုက်ခင်းထဲမှာ သမီးရဲ့မိုးမိုးနဲ့ ခရမ်းချဥ်သီးတွေ ခူးနေကြလို့ ဒီကို ပါးပါး မခေါ်လာတာ လေ"

"ဟုတ်လို့လား၊ သမီးအဝတ်အစားလဲတုန်းက မောင်လေးက အိပ်ရာပေါ် မှာ လဲနေတာ၊ အိပ်ချင်တယ်ဆိုလို့ မခေါ်ဘဲ ထားခဲ့လိုက်တာ"

"ကိုယ်အပူချိန် ရှိနေလို့လား"

"ရှိတော့မရှိဘူး၊ အေးစက်နေတာပဲ"

"ခရမ်းချဥ်သီးခူးတာ ပင်ပန်းလို့နေမှာပေါ့၊ နောက်လဆိုရင် မိုးရာသီ ရောက်တော့မှာ ဆိုတော့ သားငယ်တော့ ပျော်တော့မှာပဲ"

"ဟုတ်တယ်နော် ဟီး၊ မိုးရွာရင် မိုးရေအဝချိုးပစ်မှာ၊ ဒီမှာဆို ဘယ်သူမှမ မြင်ရတော့ လွတ်လွတ်လပ်လပ်ပဲ"

ဖြိုးသူက မိုးရာသီကို အလွန်ချစ်သည်။ မြို့မှာဆိုလျှင် တိုက်ခန်းဖြင့်သာ နေရ၍ မိုးရေချိုးခွင့်မရပေ။ ချိုးချင်လျှင် အဆောက်အအုံ၏ အပေါ်ဆုံး

ခေါင်မိုးထပ်ကို သွားပြီးချိုးရသည်။ ချိုးပြီးလျှင် ဖျားတတ်သေးသည်။

ထော်လာဂျီကားရပ်သွားသည်နှင့် စက်သံကြောင့် ဆူညံသော ပတ်ဝန်းကျင်သည် ချက်ချင်းပင် တိတ်ဆိတ်သွားလေသည်။

ဟန်နီသည် အဝေးကနေမြင်နေရသည့် ပြောင်းခင်းကိုကြည့်ပြီး အလွန် ပျော်သွားသည်။ ပြောင်းပင်များမှာ အခင်းတစ်ဝက်က ခြောက်နေပြီး မြေပေါ်တွင် လှဲချခံထားရသည်။ ကျန်အခင်းတစ်ဝက်မှာတော့ အပင်သန် တုန်းပင်။ ဦးဘောဂက ကားပေါ်ကနေ အရင်ဆင်းပြီး ပြောင်းခင်းဆီကို လျှောက်သွားသည်။

"ပါးပါး၊ သမီးကို စောင့်ဦးလေ"

ဟန်နီသည် ကားပေါ်ကနေ အပြေးဆင်းပြီး ဦးဘောဂအနောက်ကို ပြေး လိုက်တော့သည်။

"ဟောဟဲ ဟောဟဲ၊ မောလိုက်တာ"

ခဏလေးသာ ပြေးရသေးသည်၊ အလွန်မောကာ တစ်ကိုယ်လုံး ချွေးစိုနေ ပြီ။ ကောင်းကင်ကို မော့ကြည့်လိုက်ရာတွင် တောက်ပပြီး ပူပြင်းသော နေ လုံးကြီးနှင့် မျက်နှာချင်းဆိုင်မိလေသည်။ မျက်လုံးက စူးခနဲ ကျိန်းသွား သောကြောင့် ခေါင်းအမြန် ငုံ့လိုက်ရသည်။

"ပူလိုက်တာ ပါးပါး၊ ဘယ်အချိန် ရှိပြီလို့လဲ"

"အစောကြီး ရှိပါသေးတယ်"

ဟန်နီသည် ဘောင်းဘီအိတ်ကပ်ထဲက ဖုန်းကို ထုတ်ကြည့်လိုက်သည်။ (၉)နာရီခွဲသာ ရှိသေးသည်။ အပူချိန်က နေမွန်းတည့်ချိန်ဟု ထင်ရလောက် အောင် ပူလွန်းနေပြီ။

"ပူလွန်းလို့ သမီး ဆက်သွားနိုင်မှာ မဟုတ်တော့ဘူး"

"သမီး ဘာမှမလုပ်လည်းရတယ်၊ ဖုန်းယူလာလား၊ ဒီနားမှ ဆက်သွယ်ရေးလိုင်း မိတယ်လေ"

ဟန်နီသည် ဖုန်းကို ချက်ချင်း ဖွင့်ကြည့်လိုက်သည်။ ဆက်သွယ်ရေးလိုင်းက မိလာသော်လည်း လိုင်းကမကောင်းပေ။

"လိုင်းလည်းမကောင်းဘူး ပါးပါး"

"ဟုတ်တယ်၊ ကောင်းမှာမဟုတ်ဘူး၊ ဆက်သွယ်ရေးတိုင်က ဒီမှာမရှိဘူးလေ၊ လူတွေများတဲ့ တောရွာဘက်က ဆက်သွယ်ရေးတိုင်ကြောင့်ပဲ ဒီမှာ နည်းနည်း လိုင်းရောက်တာ"

"ဒါဆို တစ်ခုခုအရေးကြီးရင် ဘယ်လို ဆက်သွယ်ကြမလဲ"

"ဘယ်လိုမှ ဆက်သွယ်မရဘူး၊ အေးအေးချမ်းချမ်း နေချင်လို့ ဒီကို ပြောင်းလာတာပဲမလား၊ ဒီမှာက ရေဒီယိုလိုင်းလည်းမရဘူး၊ ရုပ်သံတီဗွီလိုင်းတောင် ဖမ်းမရဘူး"

"ဟင်၊ ဘာဖြစ်လို့မရတာလဲ"

"ဒီနေရာက ဆက်သွယ်ရေး လုပ်မရလို့ပေါ့ကွာ၊ တော်ပြီ တော်ပြီ၊ သမီး မေးခွန်းတွေ များနေပြီ၊ ပါးပါးလည်း မဖြေနိုင်တော့ဘူး၊ ဒီမှာ ကြာကြာနေရင် နေသားကျသွားမှာပါ၊ အလုပ်လုပ်ရအောင်"

ပြောင်းခင်းထဲ ရောက်သည်နှင့် ဦးဘောဂသည် လှဲထားသော ပြောင်းပင်တစ်ပင်ကို ကောက်ယူလိုက်သည်။ အပင်တွင်ပါနေသော ပြောင်းတစ်ဖူးကိုလည်း ချိုးယူလိုက်ပြီး မြေပြင်တွင် ပြန်ပစ်ချလိုက်သည်။

"ဒီက ပြောင်းဖူးတွေကို ချိုးယူပြီး တစ်ပုံချင်းစီ ပုံထားရမယ်၊ လုပ်နိုင်တယ်မလား"

"ကြိုးစား ကြည့်ရမှာပေါ့မလား ပါးပါး၊ ဒါနဲ့ ဒါတွေကို ဘယ်သူစိုက်ထား

တာလဲ၊ ပြောင်းခင်းက အကျယ်ကြီးကို အလုပ်သမားတွေ မရှိဘူးလား"

"အိမ်စောင့်ဦးလေးက စိုက်ထားတာလေ၊ ရိတ်သိမ်းရင် စက်နဲ့ပဲလုပ်ရလို့ အလုပ်သမားမလိုဘူး၊ အိမ်စောင့်ဦးလေးက အသက်ကြီးတယ်ဆိုပေမဲ့ ဒါတွေကို သူတကယ် လုပ်နိုင်တာနော်၊ ခုတော့ ပါးပါးတို့ရောက်ပြီးဆိုတော့ သူလုပ်စရာ မလိုတော့ဘူးပေါ့"

"သမီး ကြားဖူးတာရှိတယ်၊ အပင်စိုက်ရင် အသက်ရှည်တယ်တဲ့၊ ကိုယ်တိုင်စိုက် ကိုယ်တိုင်စားဖြစ်လို့ အဘိုးက အသက်ရှည်ပြီး ကျန်းမာတာဖြစ်မယ်နော်"

"ဒါပေါ့ကွာ၊ ကဲကဲ စကားများမနေနဲ့တော့၊ နေပူတယ် အလုပ် အမြန်လုပ်ကြတာပေါ့"

"ဒါတွေကို တစ်ရက်တည်းပြီးအောင် လုပ်ရမှာလား"

"မိုးရွာတော့မှာလေ၊ အမြန်လုပ်ရမှာပေါ့၊ သမီးမလုပ်နိုင်လည်း နားလို့ရတယ်၊ ပါးပါးပဲ ပြီးအောင်လုပ်လိုက်မယ်၊ နေ့လယ်စာကိုတော့ (၁၂)နာရီလောက် လာပို့ခိုင်းထားတယ်"

"ရတယ် ပါးပါး၊ သမီးက သန်မာပါတယ်"

ဟန်နီသည် ဖုန်းကို ဘောင်းဘီအိတ်ကပ်ထဲ ပြန်ထည့်ပြီး ပြောင်းဖူးများကို မနားတမ်း ချိုးယူတော့သည်။ နေပူပြင်းသော်လည်း ပင်ပန်းသလို မခံစားရဘဲ ပျော်ရွှင်နေ၏။

"သမီးဟန်နီ၊ ဖြည်းဖြည်းချင်း လုပ်လည်းရတယ်၊ မူးလဲသွားမှ အလုပ်မပြီးဘဲ နေဦးမယ်"

"အဲဒါဆို သမီး ခဏနားမယ်"

ဟန်နီသည် ထော်လာဂျီကားဆီကို ပြန်သွားထိုင်တော့သည်။

"ဟူး၊ အခုမှပဲ ပိုမောလာသလိုပဲ ဘယ်လိုကြီးလဲ"

အာခေါင်ခြောက်လာ၍ ခြေထောက်နားက ရေဘူးတစ်ဘူးကို ဖွင့်သောက်လိုက်သည်။ ထိုသို့မှ အမောပြေကာ လန်းဆန်းသွား၏။ အိပ်ချင်စိတ်ကပါ ဖြစ်လာ၍ မျက်လုံးမှေးမည်လုပ်တုန်းပင်...

"မမဟန်နီ"

ရုတ်တရက် ကြားလိုက်ရသည့်အနောက်က ခေါ်သံကြောင့် ကြက်သီးထသွားရသည်။

"ဟင် ဘာလဲ၊ ငါနားကြားမှားတာလား"

"ဒုန် ဒုန် ဒုန်"

တစ်ယောက်ယောက်က ကားနောက်ခန်းအပေါ်ကို ခြေဆောင့်ကာ တက်လာသည့်အသံကြောင့် အနောက်ကို လှည့်ကြည့်ရာတွင်...

"အား ..."

ကြောက်လန့်တကြား အသံကျယ်ကြီးဖြင့် အော်လိုက်မိသည်။ ခြေလက်ပြတ်နေသော စာခြောက်ရုပ်ကြီးတစ်ခုက ခေါင်းပေါ်ကနေ အရှိန်ဖြင့် ပြုတ်ကျလာသောကြောင့် ဖြစ်သည်။

"အား ... အား၊ အဟင့်"

ပေါင်ပေါ်ကျသွားသည့် စာခြောက်ရုပ်ကို ကားအပြင်ဘက်သို့ အမြန်ပစ်ထုတ်လိုက်သည်။ ဆံပင်နှင့်ပခုံးပေါ်က ကောက်ရိုးများကိုလည်း ဖယ်ပစ်ပြီး ကားပေါ်ကနေ အပြေးဆင်းတော့သည်။

"ပါးပါး၊ ပါးပါး"

သတ္တိကောင်းတတ်သောဟန်နီသည် ယခုမှ အဖေဖြစ်သူကို အဆက်မပြတ် အော်ခေါ်ကာ ကြောက်လန့်တကြား ပြေးနေမိတော့သည်။

ပြောင်းခင်းဘက်ကို အမြန်ပြေးနေရင်း ခြေထောက်က တစ်ခုခုနှင့်ညှိသွားသလို ဆက်ပြေးမရတော့ဘဲ မြေပြင်ပေါ်သို့ အရှိန်ဖြင့် မှောက်ကျသွားတော့သည်။

"အင့် ပါးပါး"

ဖြည်းဖြည်းချင်း ပြန်ရုန်းထလိုက်ပြီး ပြောင်းခင်းဘက်ကို ကြည့်လိုက်သည်။ ဦးဘောဂ၏ အရိပ်အယောင်ကိုမျှ မတွေ့ရပေ။

"ပါးပါး၊ ပါးပါး... ဘယ်ရောက်နေတာလဲ"

ပြောင်းခင်းထဲကို အပြေးဝင်သွားလိုက်သည်။ တစ်ကိုယ်လုံးလည်း ချွေးစိုလာကာ အသက်တောင် ပုံမှန် မရှူနိုင်တော့ပေ။

"ဟန်နီ"

"အား..."

အနောက်ဘက်ကနေ ပခုံးပေါ်ကို ရုတ်တရက်လာတွယ်သည့် အရုပ်လက်နှစ်ဖက်ကြောင့် ထိတ်လန့်ပြီး မြေပြင်ပေါ်သို့ လေးဖက်ထောက် မှောက်ကျသွားသည်။ နောက်ကို ပြန်လှည့်ကြည့်မအားဘဲ လေးဖက်ထောက်ဖြင့်သာ ရှေ့သို့မြန်မြန်ဆန်ဆန် ဆက်ပြေးသွားမိတော့သည်။

"ဟန်နီ ဟန်နီ၊ သမီးဟန်နီ"

အနောက်ဘက်ကနေ ဦးဘောဂ၏ စိုးရိမ်တကြီး အော်ခေါ်သံကြောင့် ဟန်နီ၏ရွှံ့လူးနေသော ဒူးနှင့်လက်မှာ ရပ်သွားသည်။

"ပါးပါး"

နောက်ကို လှည့်ကြည့်ရာတွင် ဦးဘောဂက အရုပ်လက်ပြတ်နှစ်ခုကိုကိုင်ပြီး အနားကို အပြေးရောက်လာသည်။

"ဟန်နီ၊ ကြောက်သွားတာလား"

"ပါးပါး၊ အီးဟီး"

ဟန်နီသည် အော်ကာ ငိုချပစ်လိုက်တော့သည်။

"ပါးပါး တောင်းပန်ပါတယ်"

ဦးဘောဂသည် ထိုင်ငိုနေသော ဟန်နီကို ဆွဲထူပေးလိုက်သည်။

"ပါးပါး အကျင့်မကောင်းဘူး၊ တကယ် သရဲခြောက်တယ် ထင်နေတာ"

ဟန်နီသည် ပြောလျက် အငိုရပ်လိုက်ပြီး မျက်ရည်သုတ်တော့သည်။

"သမီးက သရဲမကြောက်တတ်ဘူးမလား၊ အရုပ်သရဲဆိုရင် ပိုမကြောက်တတ်တာကို ဘာဖြစ်လို့ခုမှ ထငိုတာလဲ"

"ဘယ်သိမလဲ၊ ပါးပါးကိုလည်း ခေါ်လို့ ရှာလို့မရဘူးလေ"

"အေးပါ အေးပါ၊ ပါးပါးမှားပါတယ်၊ ဒီမှာလေ အရုပ် လက်ပြတ်နှစ်ခု တွေ့တာနဲ့ သမီးကြိုက်မယ်ထင်လို့ စလိုက်တာ"

"ဒါဆို ကားပေါ်ကနေ ပြုတ်ကျလာတဲ့ အရုပ်ကရော ပါးပါးလက်ချက်ပဲလား"

"မဟုတ်ပါဘူး၊ ဒါတွေ့လို့ သမီးဆီကိုသွားတာ သမီးက ဘာတွေကြောက်လို့ ပြေးနေမှန်းမသိလို့ အံ့သြသွားသေးတာ၊ မကြောက်ပါနဲ့၊ ဒီမှာ ဘာသရဲမှမရှိဘူး၊ ရှိတာဆိုလို့ စာခြောက်ရုပ်တွေပဲရှိတာ၊ ဟိုမှာကြည့်ကြည့်"

ဦးဘောဂ လက်ညှိုးထိုးပြသည့်နေရာများကို ဟန်နီသည် ကြည့်လိုက်သည်။ ပုံစံအမျိုးမျိုးဖြင့် လုပ်ထားသော စာခြောက်ရုပ်များစွာကို တွေ့ရလေသည်။

"ဒါဆို ကားပေါ်က အရုပ်ကြီးက ဘယ်လိုကျလာတာလဲ"

"ကားအမိုးပေါ်မှာ တင်နေလို့ဖြစ်မှာပေါ့၊ ပါးပါးလည်း ကားကို အောက်ပိုင်းပဲစစ်တာလေ၊ ထားပါ အနားယူလို့ဝရင် အလုပ်ပြန်ဆက်လုပ်ရအောင်၊

ခဏနေ နေ့လယ်စာ လာပို့တော့မှာ"

ဦးဘောဂက အရုပ်လက်နှစ်ဖက်ကို အဝေးသို့ လွှင့်ပစ်လိုက်ကာ ပြောင်းဖူးများကို ဆက်ချိုးတော့သည်။

ဟန်နီသည် ကြောင်နေသည့်စိတ်ကို ဖျောက်လိုက်ကာ ပြောင်းခင်းထဲတွင် စိုက်ထူထားသော စာခြောက်ရုပ်များကို ဝေ့ကြည့်လိုက်သည်။ စလာတုန်းက သတိမထားခဲ့ပေ။ ယခုတော့ ကျောပြင်က ချမ်းစိမ့်စိမ့်ဖြစ်ကာ အနည်းငယ် ကြောက်စိတ်ဝင်မိသည်။

"စိတ်ညစ်လိုက်တာ၊ ဘာတွေဖြစ်နေမှန်းကိုမသိဘူး၊ မကြောက်နဲ့၊ မကြောက်နဲ့ ဟန်နီ၊ စာခြောက်ရုပ်လည်း သာမန်အရုပ်တွေပဲ"

အေးစက်နေသည့် ပါးနှစ်ဖက်ကို ပူနွေးအောင် လက်နှစ်ဖက်ဖြင့် ရိုက်လိုက်သည်။

အသက်ကိုလည်း ခပ်ပြင်းပြင်း ရှူသွင်းလိုက်ပြီးမှ ပြောင်းဖူးများကို ဆက်ချိုးတော့သည်။ မကြာပေ၊ သံချပ်ကာ ကားတစ်စီး၏စက်သံကို အဝေးကနေ ကြားလာရသည်။ ကားထဲတွင် အဘိုးကြီး၊ ဒေါ်နွယ်စိုးနှင့်ဖြိုးသူ ပါလာသည်။

"မမဟန်နီ၊ မမဟန်နီ၊ သားရောက်ပြီ"

ကားတောင် အနားကို မရောက်လာသေးဘဲ ဖြိုးသူ၏အော်ခေါ်သံကို ကြားလာရသည်။

ဦးဘောဂနှင့်ဟန်နီသည် အလုပ်ကိုခဏရပ်ကာ ကားအလာကို စောင့်ကြို နေတော့သည်။

"မောင်လေး အဆင်ပြေပြေပါ့မလား ပါးပါး၊ ဒီမှာ စာခြောက်ရုပ်တွေရှိနေတာ"

"ကြောက်မယ် မထင်ပါဘူး၊ သမီးမခြောက်ဖို့ပဲ အရေးကြီးတယ်မလား၊ ခြောက်လို့ မောင်လေးလန့်သွားရင် သမီးကို ရိုက်မှာနော်"

"ဟွန်း၊ မခြောက်ပါဘူးနော်၊ ခုနကပဲ ဝဋ်လည်ပြီးသွားလို့ ထပ်ဝဋ်လည် မခံနိုင်တော့ဘူး"

"ဟားဟား၊ အေးပါကွာ၊ သမီးကို မရိုက်ရက်ပါဘူး၊ မောင်လေးကိုတော့ မခြောက်နဲ့ပေါ့"

"အင်းပါ ပါးပါး"

ကားက အနားကိုရောက်လာကာ ရပ်သွား၏။ ဖြိုးသူက ကားပေါ်ကနေ အရင်ပြေးဆင်းလာပြီး ဟန်နီကို ပွေးဖက်၏။

"ဟာ မမမောင်လေး၊ မမကို သတိရနေတာလား"

"မမပျောက်သွားလို့ သားက လိုက်ရှာနေတာလေ"

"ဟွန်း ဒီကိုမလာခင် မမကိုဂရုမစိုက်ဘဲ အိပ်ချင်တယ်လို့ ပြောပြီးတော့"

"ဟုတ်ပါဘူးနော်၊ မမလိမ်ပြီ၊ သားက မိုးမိုးကိုဝိုင်းကူပြီး မမကိုလိုက်ရှာတာ မတွေ့လို့ ငိုရသေးတာ"

"ဟုတ်လား၊ ဒါဆို အိပ်နေတဲ့လူက"

"သမီးနဲ့သား၊ နေ့လယ်စာ လာစားကြတော့လေ၊ ပြောစရာရှိတာ နောက်မှပြောကြတော့"

"ဟုတ် မိုးမိုး၊ လာပြီ"

မောင်နှမနှစ်ယောက်သည် နေ့လယ်စာဝိုင်းသို့ အပြေး သွားထိုင်ကြတော့သည်။

ဒေါ်နွယ်စိုးသည် ခြင်းတောင်းထဲက ပန်းကန်များကို တစ်ချပ်ချင်းစီထုတ်ကာ ဟင်းဘူးများကို ဖွင့်လေသည်။ ဟင်းများမှာ ကြက်သားကြော်၊

မုန့်ညင်းရွက်ကြော်၊ ခရမ်းချဥ်သီးငါးပိချက်နှင့် အသီးအရွက်ပြုတ် တချို့ဖြစ်သည်။ လိမ္မော်သီးဖျော်ရည်နှင့် ဘီစကွတ်မုန့်လည်း ပါ၏။

"အသီးအရွက်နဲ့ဖျော်ရည်က လတ်လတ်ဆတ်ဆတ်ပဲနော်"

ဟန်နီသည် အဘိုးကြီးကို ရှာမတွေ့၍ ပြောင်းခင်းဘက်ကို လှည့်ကြည့်လိုက်သည်။ စာခြောက်ရုပ်အနားတွင် ထိုင်နေသော အဘိုးကြီးကို တွေ့ပြီး ဝိုင်းကနေ ထလိုက်သည်။

"ဘယ်သွားမလို့လဲ သမီး"

"သမီး ဗိုက်မဆာသေးလို့ အဘိုးဆီ ခဏသွားဦးမယ်"

ဟန်နီသည် အဘိုးကြီးဆီကို အပြေးသွားလိုက်သည်။

"အဘိုး"

"ပြောလေ မြေးမလေး"

"ဒီစာခြောက်ရုပ်တွေကို အဘိုးလုပ်ထားတာလား"

"ဟုတ်တယ်လေ"

"ငှက်တွေကို ခြောက်ဖို့လုပ်တယ်ဆိုပေမဲ့ မများလွန်းဘူးလား၊ သမီးကြောက်တာတော့ မဟုတ်ပါဘူး၊ မောင်လေးက ကြောက်တတ်လို့ပါ၊ အခု ဒီအရုပ်တွေကို သူ သတိမထားမိသေးလို့နေမယ်"

အဘိုးကြီးသည် ပြုံးလိုက်ကာ မတ်တတ်ရပ်ပြီး စာခြောက်ရုပ်၏ ပြုတ်နေသော အင်္ကျီကြယ်သီးတစ်လုံးကို တပ်ပေးလိုက်သည်။

"ဒီအရုပ်တွေက ချစ်စရာ ကောင်းပါတယ်၊ အဘိုးရဲ့မြေးလေးဆိုရင် သိပ်ချစ်တာ"

"ဟမ် အဘိုးမှာ မြေးလေးရှိတာလား၊ မတွေ့မိပါလား"

"အဘိုးရဲ့မြေးလေးက မြေးမလေးရဲ့ မောင်လေးအရွယ်လောက်ပဲရှိတာ၊ သူက မြေမလေးတို့လို မိဘမရှိပါဘူးကွယ်၊ အဘိုးရှိပေမဲ့ သူက အမြဲ အထီးကျန်နေတာ၊ အဲဒါကြောင့် ဒီအရုပ်တွေနဲ့ပဲ ကစားဖော်ရခဲ့တာလေ"

"ဟုတ်လား၊ အဲဒါဆို သူဘယ်မှာလဲ၊ သမီးတို့ ရောက်လာပြီဆိုတော့ သူ အဖော်ရတော့မှာပေါ့"

"မရှိတော့တာကြာပါပြီကွယ်"

"ဟင် ဆုံးသွားပြီလို့ ပြောတာလား"

"ဟုတ်တယ်ကွယ်၊ မြို့သွားပြီး ပြန်မရောက်လာတော့တဲ့ မိဘတွေကို စောင့်ရင်းပေါ့၊ မိုးရွာရင် ပျော်တတ်တဲ့မြေးလေးက မိုးရေထဲမှာပဲ ဆုံးသွားတဲ့ပုံရိပ်ကို အဘိုး အခုထိ မေ့လို့မရသေးဘူး၊ မြေးလေးဖြူးသူကိုမြင်တိုင်း အဘိုးရဲ့မြေးအရင်းကို သိပ်သတိရတာပဲ"

ဟန်နီသည် လွန်စွာ စိတ်မကောင်း ဖြစ်သွားရသည်။

"မြေးမလေး"

"ဟုတ်ကဲ့ အဘိုး"

"စာခြောက်ရုပ်တွေကို မဖျက်ဆီးရဘူးနော်၊ မဟုတ်ရင် အဘိုးရဲ့မြေးလေးက စိတ်ဆိုးမှာ"

"ဟင် အဘိုး၊ သမီးကို ခြောက်နေတာလား"

အဘိုးကြီးက ဘာမှထပ်မပြောဘဲ ပြုံးပြီး မရိတ်သိမ်းရသေးတော့ ပြောင်းခင်းထဲသို့ ဝင်သွားလေသည်။ ဟန်နီလည်း မိသားစုရှိရာကို ပြန်သွားထိုင်လိုက်သည်။

"မောင်လေး၊ စားပြီးရင် မမတို့ စာခြောက်ရုပ်နဲ့ ဆော့ကြမလား"

"အဟမ်း ဟန်နီ"

ဒေါ်နွယ်စိုး၏ မျက်စောင်းကြောင့် ဟန်နီသည် ရယ်လိုက်သည်။

"ဟက်ဟက်၊ သမီးက ရိုးရိုးပဲဆော့မှာပါ၊ မောင်လေးကို ကြောက်အောင် မခြောက်ပါဘူး၊ ယုံတယ်မလား ဖြိုးသူ၊ မမနဲ့ကစားမယ်မလား"

"မမက ကြောက်အောင် မခြောက်ရင် သားမကြောက်ပါဘူး"

"တွေ့လား၊ မောင်လေးက သမီးလိုပဲ သတ္တိရှိပါတယ်"

"ပြီးတာပဲ၊ မောင်နှမနှစ်ယောက် အဆင်ပြေဖို့ အရေးကြီးတယ်"

"ထ၊ မမတို့ ပြောင်းရိုးနဲ့ စာခြောက်ရုပ်ကလေးတွေလုပ်ပြီး ဆော့ကြမယ်"

မောင်နှမနှစ်ယောက်သည် အတူလက်တွဲကာ ပြောင်းခင်းထဲသို့ ပြေးသွားကြတော့သည်။

"မမဟန်နီ၊ အရုပ်အကြီးကြီး လုပ်မှာလား"

"သေးသေးလေးပဲ လုပ်မှာပါ၊ ညက ဖက်အိပ်ထားတဲ့ အရုပ်လောက်ပဲပေါ့"

"အိမ်မှာလည်း အရုပ်ရှိတာလား"

"မောင်လေးပဲ ဖက်အိပ်ထားတာလေ"

"ဟာ မမ၊ သားကို မစနဲ့နော်၊ သားက အရုပ်ကြောက်တာကို ဘယ်လိုဖက်အိပ်မှာလဲ"

"အိပ်တုန်းက သူမဟုတ်တဲ့အတိုင်းပဲ၊ မမကို ဖက်အိပ်ဖို့တောင် မေ့နေပြီးတော့"

"ဟုတ်ပါဘူး"

"ဟုတ်ပါတယ်ဆို"

"ဟော့"

မောင်နှမနှစ်ယောက်သည် မရိတ်သိမ်းရသေးသော ပြောင်းခင်းထဲကနေ ထွက်လာသည့် ခေါ်သံမျိုးကြောင့် ငြိမ်သွားကြသည်။ ပြောင်းပင်များက အပင်မြင့်ကာ ချုံပင်ကဲ့သို့ ထူထဲနေ၏။ လေတစ်ခါတိုက်တိုင်း ယိမ်းသွားသည့် အပင်များ၏ ပွတ်တိုက်သံများကလည်း ကြက်သီးထစရာ ကောင်းပြန်၏။

"အသံကြားလိုက်လား"

"သားလည်း ကြားလိုက်တယ်၊ ဘယ်သူခေါ်တာလဲ မသိဘူး"

"အဘိုးခေါ်တာလား၊ ခဏနော်၊ မမ သွားဝင်ကြည့်လိုက်မယ်"

"သားလည်းလိုက်မယ်"

"ရတယ် မလိုက်နဲ့၊ မမ ခဏပဲ သွားဝင်ကြည့်လိုက်မယ်"

ဟန်နီသည် ပြောင်းပင်များရှေ့ကို ဖြည်းဖြည်းချင်း လျှောက်သွားလိုက်သည်။ ပြောင်းပင်အရှည်က ဟန်နီထက် တစ်ပေလောက် မြင့်သည်။

"မမဟန်နီ၊ မြန်မြန် ပြန်လာနော်"

ဟန်နီသည် ပြောင်းပင်ကြားထဲကို အမြန် ဝင်သွားလိုက်သည်။ ကျန်ခဲ့သည် ဖြိုးသူမှာ ဟန်နီကို စိတ်ပူနေမိသည်။ အဖေနှင့်အမေထက် ဟန်နီကို ပိုချစ်သောကြောင့် ဟန်နီကို ရှာမတွေ့သည်နှင့် ငိုတတ်သူဖြစ်သည်။

"မမဟန်နီ၊ မမဟန်နီ"

ပြောင်းပင်များကြားထဲတွင် လုံးဝပျောက်ကွယ်သွားသည့် ဟန်နီကို စိုးရိမ်တကြီး ခေါ်တော့သည်။ ဟန်နီက အမြဲ စနောက်တတ်သူဖြစ်သည်ကို သိသော်လည်း စိုးရိမ်မိသည့်စိတ်ကြောင့်သာ ပြောင်းပင်များအနားကို ဖြည်းဖြည်းချင်း လျှောက်သွားလိုက်တော့သည်။ ရှေ့တွင်မြင်နေရသော ပြောင်းပင်များ၏ အရှည်ကိုလည်းကြည့်မိကာ အာခေါင်ခြောက်ကပ်

လာ၏။ တံတွေးမျိုချလိုက်ရင်း ပြောင်းပင်တစ်ပင်ကို လက်နှင့်အသာလေး ဖယ်ကာ ဝင်ကြည့်လိုက်သည်။ ပြောင်းပင်များကြားထဲကို ရောက်သွားသည်နှင့် အမှောင်ကျကာ လောကကြီးနှင့် အဆက်ပြတ်သွားသလို ခံစားရသည်။

"ဖက် ဖက် ချွင် ချွင် ဖက်"

မနီးမဝေးကနေ လူတစ်ယောက်၏ ပြေးလွှားသည့်ခြေသံကိုကြားပြီး လန့်သွား၏။ ပြောင်းရွက်များကို ပွတ်တိုက်သွားသည့်အသံကလည်း ကြက်သီးထစရာ။

"မမဟန်နီလား"

အသံကြားရာဘက်ကို ခြေတစ်လှမ်းချင်းစီ ဖြည်းညင်းစွာ ရွှေ့သွားကြည့်သည်။

"မမဟန်နီ၊ ဟင် ဘယ်သူလဲ"

ကျောခိုင်းပြီး ရပ်နေသည့် ရွယ်တူ ကောင်လေးတစ်ယောက်ကို မြင်လိုက်သည်။

"ဘယ်သူလဲဟင် အရုပ်လား"

မလှုပ်မယှက်ဘဲ ခေါင်းငိုက်ကျနေ၍ အရုပ်နှင့်တူနေပါ၏။ အနားကို ဖြည်းဖြည်းချင်း ရွှေ့သွားကြည့်လိုက်ရာတွင် ထိုအရာ၏ခေါင်းက လှုပ်လာကာ အနောက်ကို ဖြည်းဖြည်းချင်း လှည့်လာ၏။

"ဘယ်သူလဲ၊ အား... မမဟန်နီ မမ၊ မမဟန်နီ"

ထိုအရာကို သွားထိကြည့်မည်လုပ်တုန်းပင် ဆတ်ခနဲ လှည့်ကြည့်လာသည့်ခေါင်း၏ ရှေ့မျက်နှာကြောင့် ကြောက်လန့်တကြားအော်ပြီး ပြေးမိတော့သည်။ ထိုအရာက စာခြောက်ရုပ်ဖြစ်နေကာ ခေါင်းက ကျွတ်ထွက်သွားပြီး ဖြိုးသူပြေးရာအနောက်သို့ အမြန်လိမ့်ပြီး လိုက်လေသည်။

"အား... အား... အား..."

ဖြိုးသူသည် ငယ်သံပါအောင်အော်ပြီး ခြေဦးတည်ရာမရ ပြေးနေရသည်။ အရုပ်ခေါင်းက အဆက်အပြတ် လိုက်နေ၍ တကယ် အရုပ်သရဲခြောက်ခံရပြီဟု အော်ငိုပါတော့သည်။

"မမဟန်နီ မမဟန်နီ"

ဖြိုးသူသည် အသံကုန်အော်ဟစ်ကာ ခေါ်နေသော်လည်း ပြောင်းပင်များ၏ကြားတစ်ဖက်တွင် လျှောက်သွားနေသော ဟန်နီမှာ မကြားပေ။

"ငါ ဘယ်လမ်းထဲကို ရောက်နေတာလဲ၊ ပြောင်းခင်းက သိပ်မကျယ်ဘဲ ငါ လမ်းပျောက်နေတာလား"

ဟန်နီသည် ပြောင်းခင်းထဲက ခေါ်သံကြားရာနောက်ကို လိုက်ရင်း လမ်းပျောက်နေ၏။ ဝင်လာသည့်လမ်းအတိုင်း ပြန်သွားသော်လည်း ခြေလှမ်းက နဂိုနေရာသို့ ပြန်ရောက်ကာ ပြောင်းခင်းထဲကနေ ထွက်မရပေ။

"မမဟန်နီ"

အပင်ကြားတစ်နေရာကနေ ညင်သာသော ခေါ်သံတိုးတိုးလေးကို ကြားရပြန်သည်။ ဖြိုးသူအသံနှင့်တူသော်လည်း ဖြိုးသူ မဖြစ်နိုင်မှန်း သိသည်။

"ဘယ်သူလဲ၊ မောင်လေးဖြိုးသူလား၊ မမကို နောက်နေတာ မဟုတ်ပါဘူးနော်"

ဖြိုးသူက စနောက်လေ့မရှိသည့်အပြင် သည်နေရာတွင်လည်း ကစားရဲမည်မဟုတ်မှန်း သိသည်။

"မမဟန်နီ၊ သား ဒီမှာလေ၊ သားက မမကိုစောင့်နေတာ"

ဟန်နီသည် အသံကြားရာဘက်ကို တစ်ဇွတ်ထိုး မဝင်သွားရဲပေ။

"နင်က မောင်လေးဖြိုးသူလား၊ ဖြိုးသူဆိုရင် ထွက်လာလေ၊ ပုန်းမနေနဲ့

နော်"

"မမဟန်နီ လာခေါ်ပါဆို"

"မလာဘူး၊ နင်ကဘယ်သူလဲ၊ နင်က ငါ့မောင်လေး မဖြစ်နိုင်ဘူး၊ ပုန်းမနေဘဲ ထွက်လာခဲ့စမ်း"

အပင်ကြားထဲကနေ လက်တစ်ဖက်က ထွက်လာသည်။ လက်က ဖြိုးသူလက်နှင့်တူနေသော်လည်း သွားမကိုင်ရဲသေးပေ။

"လာပါဆို မမကလည်း"

"တကယ် ဖြိုးသူလား"

လှမ်းခေါ်နေသည့် လက်ကို သွားဆွဲကိုင်တော့မည် လုပ်တုန်းပင်...

"မမ..."

အနောက်ဘက် အဝေးတစ်နေရာကနေ ကျယ်လောင်စွာ ကြားလိုက်ရသည့် ဖြိုးသူ၏ခေါ်သံကြောင့် ချက်ချင်းပင် အသံကြားရာဘက်သို့ လှည့်ကြည့်လိုက်သည်။ လှမ်းခေါ်နေသည့် လက်ကို ပြန်လှည့်ကြည့်မိလိုက်ရာတွင်လည်း အသက်ရှင်သလို လှုပ်ရှားနေသည့် စာခြောက်ရုပ်ကိုမြင်ပြီး ခြေလှမ်းက အမြန် လှည့်ပြေးမိတော့သည်။

"မမ အား...၊ မမဟန်နီ"

"ဖြိုးသူ၊ ဖြိုးသူ"

ကြောက်လန့်တကြားပုံစံဖြင့် အော်ခေါ်နေသော ဖြိုးသူ အသံရှိရာဘက်သို့ မရပ်မနား ပြေးလိုက်ရင်း ဖြိုးသူကိုလည်း အော်ခေါ်တော့သည်။

"မောင်လေး၊ မောင်လေး.. .မောင်လေးဖြိုးသူ၊ ဖြိုးသူ ဟင်"

မြေပြင်ပေါ်တွင် တည်ငြိမ်စွာ ငုတ်တုတ်ထိုင်နေသော ဖြိုးသူကို မြင်လိုက်ရသည်။ ချက်ချင်းပင် ဖြိုးသူကို ဆွဲထူကာ ပွေးဖက်ပစ်လိုက်တော့သည်။

"မောင်လေး၊ အင့် မမအမှားပါ ဟင့် အင့်"

အပြစ်ရှိသလိုခံစားရကာ ဖြိုးသူကို ဖက်ငိုမိတော့သည်။ ဖြိုးသူ၏မျက်နှာကို ကြည့်လိုက်ရာတွင် စိတ်ပူသွားရပြန်သည်။ ဖြိုးသူက မျက်နှာသေပုံစံဖြင့်သာ ကြောင်ကြည့်နေ၏။

"မောင်လေး၊ အဆင်ပြေရဲ့လား၊ ဖြေပါဦး၊ ကြည့်မနေနဲ့လေ"

ဖြိုးသူက ပြုံးပြလာပြီး ဟန်နီ၏ပါးပြင်ပေါ်က မျက်ရည်များကို သုတ်ပေးလေသည်။

"မောင်လေး"

"သား ဘာမှမဖြစ်ပါဘူး မမရဲ့"

ဖြိုးသူ၏ပုံစံမှာ ထူးဆန်းနေသောကြောင့် ဟန်နီသည် ခြေလှမ်းကို နောက်ပြန်ဆုတ်ပြီး ခပ်ခွာခွာ နေလိုက်သည်။ ကြောက်လန့်တကြား အော်ခေါ်နေသူ ဖြိုးသူက ယခု ဘာမှမဖြစ်သလို ပြုံးပြကာ ကြောင်ကြည့်နေသောကြောင့် ဖြိုးသူ အစစ်မှဟုတ်ရဲ့လားဟု တွေးမိသွားခြင်းဖြစ်သည်။

"မမ ဘာဖြစ်လို့လဲဟင်၊ မိုးမိုးနဲ့ပါးပါးဆီ ပြန်သွားရအောင်လေ"

ပြုံးလျက် လက်ကမ်းပေးလာသည့် ဖြိုးသူကို ဟန်နီသည် ဘာမှပြန်မမေးနိုင်ဘဲ ဆက်ပြီး ကြောင်ကြည့်မိသည်။

"လာပါ မမရဲ့"

ဟန်နီသည် ဖြိုးသူ၏လှမ်းဆွဲလာသည့် လက်ကိုလည်း မရုန်းမိဘဲ ဖြိုးသူဆွဲခေါ်ရာနောက်ကို တကောက်ကောက် လိုက်သွားမိရင်း ပြောင်းခင်းအပြင်ဘက်ကို ပြန်ထွက်လာ ဖြစ်တော့သည်။

ဖြိုးသူသည် လက်တွဲဖြုတ်ကာ ဒေါ်နွယ်စိုးဆီကို အရင် အပြေးထွက်သွား၏။

"မိုးမိုး၊ သား အိမ်ပြန်ချင်ပြီ"

"အခုပဲ ပြန်တော့မှာလေ၊ မမဟန်နီ ဘယ်ရောက်နေလဲ"

"မမက ဟိုမှာလေ"

ဖြိုးသူ ညွှန်ပြရာနေရာတွင် ဟန်နီက မရှိတော့ပေ။ ဟန်နီက ပြောင်းခင်း ထဲကို ပြန်ဝင်သွားခြင်းဖြစ်သည်။

"မဖြစ်နိုင်ဘူး၊ ငါမယုံဘူး၊ သရဲတွေဆိုတာ တကယ်မရှိဘူး"

ဟန်နီသည် အသက်ရှင်နေသော စာခြောက်ရုပ်ကို မြင်ခဲ့သော နေရာသို့ ပြန်သွားလေသည်။

"တစ်ယောက်ယောက်က စနောက်နေတာ၊ အဘိုးလက်ချက်ပဲ ဖြစ်ရမယ်"

သွားနေသောနေရာကို ရောက်သွားသောအခါတွင် အပိုင်းပိုင်းပြတ်နေ သော စာခြောက်ရုပ်၏ အပိုင်းအစများကိုသာ မြင်ရလေသည်။ ပြတ်နေ သော စာခြောက်ရုပ်၏ခေါင်းကို ကောက်ယူကြည့်လိုက်ပြီး...

"ဒါက ဘယ်လိုဖြစ်ရတာလဲ၊ အရုပ်သရဲလား၊ ဟေ့ စာခြောက်ရုပ် ဟေ့၊ ထ စမ်းပါ ခြောက်စမ်းပါ ငါမကြောက်ဘူးဟ"

စာခြောက်ရုပ်၏မျက်နှာကို သေချာ စိုက်ကြည့်ပြီးပြောသည်။ ထူးခြားမှု မ ရှိသောကြောင့် စိတ်ပျက်မိပြီး စာခြောက်ရုပ်၏ခေါင်းကို မြေပြင်ပေါ်သို့ အရှိန်ဖြင့် ဆောင့်ချပစ်လိုက်တော့သည်။

"ဟင့် မကြောက်ဘူး သိလား၊ နောက်ရဲတဲ့လူလည်း သတ္တိရှိရင် ထွက်လာ ခဲ့လိုက်"

ဒေါသထွက်သောပုံစံဖြင့် ထိုနေရာမှ အပြေးပြန်လှည့်ထွက် သွားလိုက် တော့သည်။

***